# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၅၄)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ ''သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။'' (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ပြည့်တင်းရန် အာဆီယံနိုင်ငံများ လက်တွဲညီကြိုးပမ်းရမည်

## ထုတ်ကုန်များအပေါ် ထိုက်တန်ခိုင်မာသောဈေးနှုန်းများရရှိရေး အာဆီယံနိုင်ငံများအကြား နည်းလမ်းများရှာဖွေပူးပေါင်းကြိုးပမ်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၃

**(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလအတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအခမ်းအနားတွင် "အာဆီယံအသိုက်အဝန်းအား တည်ငြိမ်သော၊ အောင်မြင်ကြွယ်ဝသော၊ ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားသော၊ အချိုးညီညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေး ကွာခြားမှုနည်းပါးသော ဒေသကြီးဖြစ်လာရန်" အာဆီယံ၏မျှော်မှန်းချက် ၂၀၂၀ ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း။

အာဆီယံမျှော်မှန်းချက် ၂၀၂၀ အရ မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းတို့ကို ဟန်ချက်ညီစွာဖြင့် ၂၀၁၅ ခုနှစ်တွင် တည်ထောင်သွားကြရန် မျှော်မှန်းခဲ့ပါကြောင်း၊ အာဆီယံ၏မျှော်မှန်းချက်များ ပြည့်မီရန် ရည်ရွယ်ပြီး ယခုနှစ်အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်

*စာမျက်နှာ ၈ ကော်လံ ၁* ❁

**အာဆီယံမျှော်မှန်းချက် ၂၀၂၀ အရ မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို ဟန်ချက်ညီစွာဖြင့် ၂၀၁၅ ခုနှစ်တွင် တည်ထောင်သွားကြရန်မျှော်မှန်း**









## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပါအဝင် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုမှုနှင့်အတူ မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း သိသိသာသာ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ တစ်နည်းအားဖြင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်လည်ပတ်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ပေါ်ပေါက်နေပြီဖြစ်ပါသည်။

ဤသို့သော ခရီးသွားလုပ်ငန်း အကောင်းဘက်ဆီသို့ ဦးတည်နေချိန် စက်တင်ဘာ ၂၇ ရက်တွင်ကျရောက်မည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့နှင့်လည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ၎င်း၏လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာတန်ဖိုးများ နိုင်ငံတကာအသိုက်အဝန်းမှ သတိမူလာစေရန် ရည်ရွယ်၍ ၁၉၈၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ်ကျင်းပလာခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဝင် နိုင်ငံဖြစ်သည့်အားလျော်စွာ ၂၀၁၂ခုနှစ် စက်တင်ဘာ ၂၇ ရက်မှစတင်ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်းသိရသည်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်သည်ကား “လူမှုဘဝဖွံ့ဖြိုးဖို့ ခရီးသွားလုပ်ငန်းကို အားပေးစို့” (Tourism and Community Development) ဟူ၍ဖြစ်ပါသည်။ ဤဆောင်ပုဒ်သည် လက်ရှိမြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးလျက်ရှိပါသည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၂ဒသမ ၀၄ သန်း လာရောက်လည်ပတ်ရာမှ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၉၂၆ သန်းကျော် ရရှိခဲ့ကြောင်းသိရသည်။ ယင်းဝင်ငွေသည် မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆန်တန်ချိန်သုံးသန်းရောင်းရငွေနှင့် ညီမျှသည်ဟုဆိုပါသည်။ ဤသို့ ပို့ကုန်များမတင်ပို့ရဘဲ ရလိုက်သည့်ငွေများဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသော ပြည်သူများ၏ လူမှုဘဝကိုမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ခရီးသွားလုပ်ငန်းဖြင့် လူမှုဘဝကိုမြှင့်တင်ပေးနေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှုလွယ်ကူချောမွေ့စေရေး စက်တင်ဘာ ၁ ရက်မှစ၍ နိုင်ငံပေါင်း ၄၁နိုင်ငံမှ ခရီးသွားများအတွက် e-Visa စနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ပါသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်လာရောက်လည်ပတ်မှုပိုမိုများပြားလာရန် မျှော်မှန်းထားပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးလာခြင်း၊ ခရီးသွားဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် ခရီးသွားများတိုးတက်လာမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ ခိုင်မြဲသော ခရီးသွားလုပ်ငန်း (Sustainable Tourism) တစ်ရပ်ဖြစ်ထွန်းနေစေရန် မူဝါဒ၊ စီမံကိန်းများရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သို့ပါ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့မှသည် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တိုးတက်လာရောက်နိုင်ရေး ကာယ၊ ဉာဏစွမ်းအားရှိသရွေ့ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေကြောင်းနေ့အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေကြောင်းနေ့ (World Maritime Day-2014) အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ရေကြောင်းနေ့အခမ်းအနားကို နှစ်စဉ် စက်တင်ဘာလ နောက်ဆုံးပတ်တွင် စဉ်ဆက်မပြတ်ကျင်းပခဲ့သည်မှာ (၈)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် “အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အစည်းအဝေးများ အကောင်အထည်ဖော်ရေး ထိရောက်အောင်ဆောင်ရွက်ပေး” ဆိုသည့်အတိုင်း အစည်းအဝေးများကို အနှစ်သာရပြည့်ဝစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေနှင့်လည်း အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ အမြင်နှင့်ထပ်တူ အစည်းအဝေးများကို မြန်ဆန်စွာ သဘောတူညီဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်မည်ဆိုသည့်အချက်ကို လက်ခံယုံကြည်ပါကြောင်း ဖြင့် ပြောကြားသည်။

**ပြသ**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် ကိုယ်စားလှယ်က ရေကြောင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး ဆောင်ပုဒ်နှင့်သက်ဆိုင်သော မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုပြကွက်များကို ပြသသည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ရေကြောင်းပို့ဆောင်ရေး၊ ညွှန်ကြားရေးမှူး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ သင်္ဘောကုမ္ပဏီများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ရေကြောင်းဘက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေကြောင်းပညာတက္ကသိုလ်နှင့် ရေကြောင်းပညာ ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဖွံ့ဖြိုးစည်ပင်ပြင်ဦးလွင် ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ပြင်ဦးလွင် စက်တင်ဘာ ၂၃**

ပြင်ဦးလွင်မြို့တွင် နှစ်စဉ်ကျင်းပသော တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ “ဖွံ့ဖြိုးစည်ပင်ပြင်ဦးလွင်၊ ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ” ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ယမန်နှစ်ပြိုင်ပွဲဝင်ဓာတ်ပုံတစ်ပုံကို တွေ့ရစဉ်။

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို ၂၀၀၅ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၇ ခုနှစ်တွင် စတင်၍ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး ဓာတ်ပုံပေါင်း ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်က သတ္တမအကြိမ်မြောက်အဖြစ် နေ့အလှဓာတ်ပုံပေါင်း ၃၀၀ ကျော်၊ ညအလှဓာတ်ပုံပေါင်း ၁၀၀၀ ကျော်ဝင်ရောက် ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံ၏ ဓာတ်ပုံပြိုင်ပွဲဝင်ဦးရေအများဆုံး ပြိုင်ပွဲကြီးအဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင်လည်း နေ့အလှ၊ ညအလှနှင့် တန်ဆောင်တိုင် ပွဲတော်ဓာတ်ပုံများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ရာ နေ့အလှရောင်စုံဓာတ်ပုံပထမဆုကို ငွေကျပ်သုံးသိန်း၊ ညအလှရောင်စုံဓာတ်ပုံပထမဆုကို ငွေကျပ် ၁၀ သိန်း ဆုချီးမြှင့်သွားမည်ဖြစ်ပြီး စုစုပေါင်းငွေကျပ် ၃၅ သိန်းကို ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လိုသူများသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ဝင်ကြေးငွေကျပ် ၂၀၀၀ ဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီသို့ ဆက်သွယ်၍ ပြိုင်ပွဲဝင်ကတ်များကို ပွဲတော်ကျင်းပမည့်နေ့ မတိုင်မီကြိုတင်စာရင်းပေးသွင်း ထုတ်ယူနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**




### နမ့်ခမ်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**နမ့်ခမ်း စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် မိုးပွင့်အဆင့် (၆)စီမံချက်ဖြင့် မြို့နယ်ဦးစီးဌာနမှူး ဦးဘီနော်လီနှင့် ရုံးအဖွဲ့များသည် နမ့်ခမ်းမြို့နယ်နှင့် မိုင် ၂၀ ကျော်ဝေးသည့်တောင်ပေါ်ဒေသရှိ မန်းပူးကျေးရွာသို့ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သွားရောက်၍ အသက် ၁၀ နှစ်ပြည့်သူ ၂၇ ဦး၊ အသက် ၁၈ နှစ်ပြည့်သူ ၁၈၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**




ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတဦးသိန်းစိန် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအား ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ပုလဲခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်နှင့် ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ဆွီဒင်နိုင်ငံအခြေစိုက် Institute for Security and Development Policy (ISDP) မှ ညွှန်ကြားရေးမှူးဖြစ်သူ Dr. Niklas Swanstrom အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဆွီဒင်နိုင်ငံအခြေစိုက် ISDP မှ ညွှန်ကြားရေးမှူးဖြစ်သူ Dr. Niklas Swanstrom နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Dr. Niklas Swanstrom တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို (၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ နတ်တော်လပြည့် ၁၅ ရက်၊ နတ်တော်လပြည့်ကျော် ၁ ရက်) (၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅၊ ၆၊ ၇ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်)၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်)၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများ တည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများစားသုံးရာတွင် အန္တရာယ်ကင်းစေရေး နှိုးဆော်ချက်

လူတို့ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင် သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသုံးရန်လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့်ဓာတုပစ္စည်းများ ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် လတ်တလောတွင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး နောက်ပိုင်းတွင် ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်း စသည်တို့ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသော သစ်သီးများကို စားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်ထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပြီးမှ ချက်ပြုတ်စားသုံးခြင်း၊ အစိမ်းစားမည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှစားသုံးခြင်း၊ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စားသုံးခြင်း စသည့်အချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



စက်တင်ဘာ ၂၃ ရက်က ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## မြန်မာ့အသံရေဒီယိုအစီအစဉ်များကို မြို့ကြီး ၁၃ မြို့တွင် FM အစီအစဉ်များဖြင့်နားဆင်နိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီး ၁၁ မြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်(ပျဉ်းမနား)၊ မော်လမြိုင်၊ ပုသိမ်၊ ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ မင်းဘူးနှင့် စစ်တွေမြို့များတွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ အသိပေးခဲ့ပြီးဖြစ်ပါသည်။ ယခုထပ်မံ၍ ဘူးသီးတောင်၊ မောင်တော ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံမှလွှင့်အား (2 KW)၊ လှိုင်းနှုန်း (88.9 MHz)ဖြင့် ၁၅-၉-၂၀၁၄ ရက်နေ့မှ စတင်၍လည်းကောင်း၊ ရမ်းဗြဲ(ပိန္နဲတောင်)ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (89.2MHz) ဖြင့် ၁၆-၉-၂၀၁၄ ရက်နေ့မှ စတင်၍လည်းကောင်း ထုတ်လွှင့်လျက်ရှိရာ အဆိုပါစက်ရုံများတည်ရှိရာ မိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိသည့် စက်ရုံနှစ်ရုံ၌ FM စနစ် တိုးချဲ့ထုတ်လွှင့်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကနေဒီစက်ရုံ၌ ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ(၂၅)ရုံ၌ FM စနစ်များ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား အာရပ်နိုင်ငံများပါဝင်၍ အမေရိကန်က လေကြောင်းမှတိုက်ပြီ

**ပင်တဂွန် စက်တင်ဘာ ၂၃**

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား အာရပ်နိုင်ငံများအပါအဝင် အမေရိကန်နှင့် မဟာမိတ်တို့က စတင်တိုက်ခိုက်ပြီဖြစ်ကြောင်း ပင်တဂွန်က ပြောသည်။

အဆိုပါ စစ်သွေးကြွ အကြမ်းဖက်သမားများအား တိုက်ခိုက်ရေးလေယာဉ်များ၊ ဗုံးကြဲဂျက်လေယာဉ်များ၊ တိုမာဟော့စ်ဒုံးကျည်များ အသုံးပြုတိုက်ခိုက်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က ပြောသည်။

ယင်းချေမှုန်းတိုက်ခိုက်မှုသည် ဆီးရီးယားနှင့် အီရတ်ရှိနေရာဒေသအများအပြားကို သိမ်းထားသည့် အိုင်အက်စ်တို့အား အမြစ်ပြတ်ချေမှုန်းရန် သမ္မတအိုဘားမား၏ ကတိကဝတ်ပြုပြောဆိုထားမှု၏ အစိတ်အပိုင်းဖြစ်လိမ့်မည်ဟု ဆိုသည်။

အမေရိကန်က ပြီးခဲ့သော ဩဂုတ်လမှစတင်ကာ အီရတ်ရှိ အိုင်အက်စ်တို့ကို အကြိမ် ၁၉၀ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ သို့သော်လည်း တနင်္လာနေ့မှ စတင်၍ နယ်စပ်ဖြတ်ကျော်ကာ ဆီးရီးယားနိုင်ငံအတွင်းရှိ အဆိုပါ စစ်သွေးကြွများအား စတင်တိုက်ခိုက်ခဲ့သည်။

"အမေရိကန်နဲ့ အပေါင်းပါတပ်တွေက ဆီးရီးယားနိုင်ငံအတွင်းမှာရှိတဲ့ စစ်သွေးကြွတွေကို စတင်တိုက်ခိုက်ပါပြီ၊ ဒါပေမယ့် တိုက်ခိုက်မှုအသေးစိတ်ကိုတော့ ပြောနိုင်မှာ မဟုတ်ပါဘူး" ဟု ဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က အတည်ပြုပြောကြားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်များသည် ၂၀၁၃ ခုနှစ်



ကတည်းက အိုင်အက်စ်တို့ သိမ်းထားသော ဆီးရီးယားအရှေ့ပိုင်း အိုင်အက်စ်ခံတပ်ရှိရာ ရက်ကွာကို အကြိမ်ပေါင်းမြောက်မြားစွာ တိုက်ခိုက်လျက်ရှိသည်ဟု ဆိုသည်။ ကိုယ်ပျောက် F-22 တိုက်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် စစ်လေယာဉ်များ ပျက်စီးသွားခဲ့ကြောင်း အမေရိကန်မီဒီယာများက ဆိုသည်။ **(ဘီဘီစီ)**

# တရုတ်မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၁၂ ဦးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရ



**ဟူနန် စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ၌ မီးရှူးမီးပန်းစက်ရုံ တစ်ခုအတွင်း ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ ဦး သေဆုံးပြီး ၃၃ ဦးဒဏ်ရာရရှိသွားကြောင်း ဒေသအစိုးရတာဝန်ရှိသူများက ပြောသည်။

အဆိုပါပေါက်ကွဲမှုသည် ဟူနန်ပြည်နယ် လီလင်းမြို့နယ် နန်းရန်းအိတ်စ်ပို့ မီးရှူးမီးပန်းစက်ရုံ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ တနင်္လာနေ့က ပေါက်ကွဲမှုဖြစ်ပြီးနောက် အခြားနှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

ယင်းမီးရှူးမီးပန်းပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ပေါက်ကွဲရခြင်း အကြောင်းကို တာဝန်ရှိသူများက ပြောကြားခြင်းမရှိသေးပေ။ သို့သော်လည်း ၎င်းစက်ရုံသည် လိုင်စင်ရယူလုပ်ကိုင်သောလုပ်ငန်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါပေါက်ကွဲမှုကြောင့် အနီးပတ်ဝန်းကျင်ရှိနေအိမ် ပြတင်းပေါက်မှန်များ ကွဲကျပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြသည်။

တရုတ်မီးရှူး မီးပန်းလုပ်ငန်းသည် စည်းကမ်းထိန်းချုပ်မှုအားနည်းချက်များကြောင့် မကြာသေးမီနှစ်များကသေစေနိုင်လောက်သည့် ပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က ကွမ်စီပြည်နယ်၌ ဖြစ်ပွားခဲ့သောမီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုကြောင့်လည်း ၁၁ ဦး သေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

# ယီမင်မြို့တော် ဆာနားကို ရှီးယိုက်လက်နက်ကိုင်များ သိမ်း

**ဆာနား စက်တင်ဘာ ၂၃**

ယီမင်နိုင်ငံမြို့တော် ဆာနားကို ရှီးယိုက်ဟိုသီလက်နက်ကိုင်များက အစိုးရတပ်များနှင့် သီတင်းတစ်ပတ်ကြာ တိုက်ပွဲဆင်နွှဲပြီးနောက် သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ လက်နက်ကိုင်များက သောကြာနေ့ကတည်းက ပိတ်ထားသော အပြည်ပြည်ဆိုင်ရာ လေဆိပ်သွားရာ အဓိကလမ်းမကြီးပေါ်တွင် စစ်ဆေးရေးဂိတ်များ ပြုလုပ်ထားသည်။

ထိုစဉ်အတွင်း ၎င်းတို့က ဝန်ကြီးချုပ်ရုံးရှိ တိုက်လေယာဉ်များကိုပါ ဖျက်ဆီးလိုက်ကြသည်။ ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ကို လက်နက်ကိုင်များက ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စောင့်ကြပ်လျက်ရှိသည်။

လက်နက်ကိုင်များက စစ်တန်း



လျှားများအတွင်း သေဆုံးနေသူ ရုပ်အလောင်း ၂၀၀ ကျော်တွေ့ရှိခဲ့ကြောင်း ယီမင်တရားဝင်သတင်းအေဂျင်စီ ဆာဘာက တနင်္လာနေ့တွင် သတင်းထုတ်ပြန်ထားသည်။ **(ဆင်ဟွာ)**

# အိန္ဒိယအရှေ့မြောက်ပိုင်းရေကြီး ရွာပေါင်း ၁၀၀ ကျော် ရေအောက်နစ်မြုပ်

**အာသံ စက်တင်ဘာ ၂၃**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ပြည်နယ်နှစ်ခု၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမြေပြိုမှုများဖြစ်ပွားလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာသံပြည်နယ်နှင့် မက်ဟာလာယာပြည်နယ်တို့၌ တနင်္လာနေ့ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးမှုကြောင့် တံတားများ ကျိုးပျက်ခြင်း၊ လမ်းများရေစီးကြောင်းအတွင်းမျောပါသွားခြင်းနှင့် နေအိမ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

မက်ဟာလာယာ ပြည်နယ်၌ အဆိုပါ သဘာဝဘေးကြောင့် အနည်းဆုံးလူ ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ယခုလအစောပိုင်းက အိန္ဒိယထိန်းချုပ်ကက်ရှ်မီးယား၌ မုတ်သုံမိုးများ အဆက်မပြတ်ရွာသွန်းခဲ့၍ ရေကြီးကာ လူပေါင်း ၂၇၀ ကျော်သေဆုံးခဲ့ရသည်။

တနင်္လာနေ့က စတင်ကာ မက်ဟာလာယာပြည်နယ်၌ သဘာဝဘေးကြောင့် သေဆုံးသူ ၂၅ ဦးအထိရှိကြောင်း ဒေသမီဒီယာများကဆိုသည်။ လူများသည် မြောက်ဂါအိုတောင်နှင့် အနောက်ဂါအိုတောင်ခရိုင်၌ အပျက်အစီးများအကြား နစ်မြုပ်သေဆုံးသည်။ မြောက်ဂါအိုခရိုင်၌ ကျေးရွာပေါင်း ၁၀၀ ကျော် ရေအောက်နစ်မြုပ်လျက်ရှိသည်။ ရာပေါင်းများစွာသော ကျေးရွာသားများအား ကျောင်းများနှင့် ဘုရားကျောင်းများအတွင်း၌ ယာယီတည်းခိုစခန်းဖွင့်လှစ်ပေးထားသည်။ **(ဘီဘီစီ)**

# အီဘိုလာကြောင့် သေဆုံးသူ ၂၈၀၀ ကျော်

**ဂျီနီဗာ စက်တင်ဘာ ၂၃**

အနောက်အာဖရိက၌ ဖြစ်ပွားလျက်ရှိသော အီဘိုလာရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂၈၀၀ ကျော်သွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ပြောသည်။

ဂီနီ၊ လိုက်ဘေးရီးယား၊ ဆီရာလီယွန်း၊ နိုင်ဂျီးရီးယားနှင့် ကွန်ဂိုနိုင်ငံတို့၌ဖြစ်ပွားနေသော အဆိုပါအီဘိုလာဗိုင်းရပ်စ် ကူးစက်ခံနေရသူပေါင်းမှာ ၅၇၀၀ ကျော်ရှိကြောင်း အဆိုပါ ကုလသမဂ္ဂအေဂျင်စီက ပြောသည်။ ယင်းရောဂါကြောင့် လူပေါင်း ၂၈၁၁ ဦးသေဆုံးခဲ့ပြီဟုဆိုသည်။ ယင်းရောဂါကို ထိန်းချုပ်နိုင်စွမ်းမရှိလျှင် နိုဝင်ဘာလအရောက်တွင် လူပေါင်း ၂၀၀၀၀ ရောဂါကူးစက်ခံရနိုင်ကြောင်း အေဂျင်စီက ပြောသည်။ အီဘိုလာထိန်းချုပ်ရေးအတွက် အနည်းဆုံးခြောက်လ ကြာမြင့်လိမ့်မည်ဟု ခန့်မှန်းထားသည်။ **(ပရက်စ်တီဗွီ)**

# ပြင်သစ်နိုင်ငံသားတစ်ဦး အယ်လ်ဂျီးရီးယားစစ်သွေးကြွ ပြန်ပေးဆွဲ

**ပါရီ စက်တင်ဘာ ၂၃**

ပြင်သစ်နိုင်ငံသားတစ်ဦးအား အယ်လ်ဂျီးရီးယားနိုင်ငံ၌ အိုင်အက်စ်တို့နှင့်ဆက်နွှယ်သော စစ်သွေးကြွအုပ်စုက ပြန်ပေးဆွဲသွားခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဘီရှပ်က အတည်ပြုပြောကြားသည်။

ဟာဗီဂေါ်ဒဲလ်အမည်ရှိ အဆိုပါပြင်သစ်နိုင်ငံသားအား တနင်္ဂနွေနေ့တွင် အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ကာဘိုင်လီဒေသ၌ ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။

သေနတ်သမားများက မစ္စတာဂေါ်ဒဲလ်အား ပြန်ပေးဆွဲသွားခဲ့ကြောင်း ယင်းတို့အနေဖြင့် အီရတ်ရှိ အိုင်အက်စ်တို့အား ပြင်သစ်က ပါဝင်တိုက်ခိုက်ခြင်းမပြုရန် တိုက်တွန်းကြောင်းဖြင့် အွန်လိုင်းဗီဒီယို ထုတ်လွှင့်ထားသည်ဟု မစ္စတာဘီရှပ်က ပြောသည်။

ပြင်သစ်နိုင်ငံအနေဖြင့် မစ္စတာဂေါ်ဒဲလ်လွတ်မြောက်ရေးအတွက် လုပ်သင့်လုပ်ထိုက်တာလုပ်သွားမည်ဖြစ်ကြောင်း၊ သို့သော် ယင်းအခြေအနေသည် အလွန်စိုးရိမ်ရကြောင်း သူက ပြောသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက သူရ ဦးရွှေမန်း လာအိုပြည်သူ့တော်လှန်ရေးပါတီဗဟိုကော်မတီ ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌအားတွေ့ဆုံ



ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအို ပြည်သူ့တော်လှန်ရေး ပါတီ ဗဟိုကော်မတီ ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ **H.E. Mr.Thongsavanh PHOMVIHANE** အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ ပြည်ပဆက်သွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr.Thongsavanh PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr .Nila-hath SAYARATH လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# သဘာဝသယံဇာတနှင့် ပတ်သက်သော သတ္တုတွင်းဥပဒေ ရေးဆွဲခြင်းအကြောင်းအရာများဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၃**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် ရေးရာဆောင် I-20 ၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် National Resource Governance Institute (NRGI) ၏ Parliamentary Capacity Development Officer,Ms. Femke Brouwer ခေါင်းဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးနေဝင်းထွန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သဘာဝသယံဇာတနှင့်ပတ်သက်သော သတ္တုတွင်းဥပဒေရေးဆွဲခြင်း အကြောင်းအရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် ကူညီမှုပေးခြင်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်သန့်ရှင်းရေးဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝေ၊ ဗိုလ်တထောင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်သိန်းနိုင်တို့ ခေါင်းဆောင်သောအရာရှိ အရာခံ၊ အကြပ်၊ တပ်သား ၄၀၊ ဗိုလ်တထောင်မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ၅၅ ဦးတို့ဖြင့် စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်အရှေ့ပိုင်း ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ ဆေးရုံပရဝဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

# အခြေခံသမဝါယမ သင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၃**

သမဝါယမဝန်ကြီးဌာန သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိရာ သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိ အကြီးတန်းစာရေးဝန်ထမ်းများကို လုပ်ငန်းခွင်စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် အမှုထမ်းများ အခြေခံသမဝါယမသင်တန်းအမှတ်စဉ်(၁/၂၀၁၄)ကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း၌ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလွတ်တန်းဓာတ်ပုံပြိုင်ပွဲ ဆုများရွေးချယ်ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့်ရွှေပြည်တံခွန်တယ်လီကွန်း(အများပိုင်) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ပြုပြင်ပြောင်းလဲလာသည့် လင်းလက်တောက်ပလာသော တယ်လီကွန်းဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းများနှင့် ယနေ့လူငယ်များအား လူ့အရင်းအမြစ်ကဏ္ဍမှ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မြှင့်တင်ပေးလိုသည့်ရည်ရွယ်ချက်ဖြင့် "ပြုပြင်ပြောင်းလဲခြင်းမှ လင်းလက်တောက်ပသော အနာဂတ်ဆီသို့" ခေါင်းစဉ်ဖြင့် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ် ကျင်းပရာ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဓာတ်ပုံအသင်းတွင် ဓာတ်ပုံအကဲဖြတ် ပညာရှင် ဦးဖေခင် (Hon;-MPS, Hon;FMPS.)၊ ဦးမြင့်သိန်းဖေ(ဂုဏ်ပြုအသင်းသား)၊ ညောင်ဦးဖိုးချို (Hon;MPS,PMPS)၊ ဦးအောင်ကျော်မိုး [A.K.MOE (သတ္တပဒေ)] PMPS.၊ မောင်မောင်သန်း(ကော့မှူး) Media Director ရွှေပြည်တံခွန် တယ်လီကွန်းတို့က ဓာတ်ပုံအကဲဖြတ်ဆုရွေးချယ် ပြီးစီးပြီဖြစ်သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲတွင် ရွှေပြည်တံခွန်တယ်လီကွန်းကုမ္ပဏီ၏ အထူးဆု၊ UNESCO ထွန်းအောင်ကျော်၊ ပထမဆု-ဦးလူမောင်၊ ဒုတိယဆု- ဘိုးတော်(အမရပူရ)၊ တတိယဆု-ကျော်ကျော်ဝင်း MPS နှင့် နှစ်သိမ့်ဆုများဖြစ်သော ပြည့်ဖြိုးသက်ပိုင်၊ ယမင်းဝင်းလှိုင်၊ ဟယ်လင် (သုံးရာသီဓာတ်ပုံတိုက်)၊ မျိုးမင်းကြွယ် (ရွှေတောင်ကြား)၊ ဦးစိန်ထွန်း(ဟသ်ာတ)၊ ဦးလူမောင်၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ မျိုးမင်းသွင်၊ ရဲမင်းလွင်တို့ ဆုရရှိကြသည်။

ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**








# လွှတ်တော်ရေးရာကဏ္ဍ

## ✻ ပြည်ထောင်စုလွှတ်တော်မှ

အားနည်းနေပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် Fundamental Land Law (F.L.L) မပြဋ္ဌာန်းနိုင်သေးပါက မြေယာပြဿနာများ ဆက်လက်ပေါ်ပေါက်နေမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က မြေအရင်းအမြစ် စနစ်တကျ အသုံးပြုရေး ဥပဒေများရေးဆွဲ ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက မြေယာသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများသည် ဘဝရပ်တည်ရေးအတွက် ရွှေ့ပြောင်းအလုပ်လုပ်ကြရပါကြောင်း၊ မြေယာသိမ်းဆည်းမှုများကို ယခုအစိုးရ၊ လွှတ်တော်လက်ထက်တွင် အပြီးပြတ်မဖြေရှင်းနိုင်ပါက နောင်လာမည့်အစိုးရတွင် ပိုမိုခက်ခဲမည်ဖြစ်ပါကြောင်း။ အောက်ခြေ မြေယာပြဿနာဖြေရှင်းရာ၌ ယခင်မြေယာ သိမ်းမှုတွင် ပါဝင်ပတ်သက်နေသူများအား တာဝန်ပေးဖြေရှင်းစေသည့်အတွက် ပြည်သူများ နစ်နာနေပါကြောင်းဖြင့်


ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆွေးနွေးသည်။

ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်က သိမ်းဆည်းခံမြေများ လျော်ကြေးငွေ ရရှိရေးနှင့် သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူကို ဗဟိုပြု၍ တရားနည်းလမ်းကျကျဖြင့် အလေးအနက်ထားပြီး မြန်မြန်နှင့် မှန်မှန်ကန်ကန်ဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်းက စီမံကိန်း အကောင်အထည်မဖော်နိုင်သည့် လယ်ယာမြေများကို ပြန်လည်ပေးအပ်ရန် တိုက်တွန်းလိုပါကြောင်း၊ စီမံကိန်းအကောင်အထည်မဖော်နိုင်သည့် သိမ်းထားသောမြေများကို တောင်သူများထံ ပြန်လည်ပေးအပ်ခြင်း(သို့)အိမ်ဝိုင်းအစားပေးခြင်း၊ ဒေသပေါက်ဈေးပေးခြင်းများမရှိသည့်အတွက် တောင်သူများ ဒုက္ခရောက်လျက်ရှိပါကြောင်း၊ တောင်သူများ စိုက်ပျိုးခွင့်မရရှိလျှင် အကျိုးမရှိသကဲ့သို့ နိုင်ငံတော်


ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အတွက်လည်း အကျိုးမရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က လယ်ယာမြေစုံစမ်းရေးကော်မရှင်အဖွဲ့ခွဲများက စုံစမ်းစစ်ဆေးပြီး အမှုတွဲများကို တိုင်းဒေသကြီးအစိုးရသို့ ပေးပို့ထားသော်လည်း တိုင်းဒေသကြီးအစိုးရက မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်လွှဲပြောင်းမှု မရှိခြင်း၊ တပ်ဝင်းနှင့် တစ်ဆက်တစ်စပ်တည်း မဟုတ်ဘဲ ပြန်မပေးနိုင်ခြင်း စသည့်အချက်များကို အလေးထားဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်းက စွန့်လွှတ်ရန်ခက်ခဲသည့်မြေယာများအား အစီရင်ခံစာတွင်ပါရှိသည့်အတိုင်း သင့်တော်သည့် လျော်ကြေး ပေးရမည်ဖြစ်ပါကြောင်း၊ တပ်သက်သာချောင်ချိရေးအတွက် သိမ်းဆည်းထားသော မြေများနှင့် ပတ်သက်၍ သိမ်းဆည်းစဉ်က လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေများ ပါဝင်ပါက ပြန်လည်စွန့်လွှတ်ရမည်ဖြစ်ပါကြောင်း၊ တိကျသည့် မြေယာမူဝါဒများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ နစ်နာနေသည့် တောင်သူလယ်သမားများကိုလည်း အစိုးရက ပြန်လည်စဉ်းစားပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❍ ပြည်သူ့လွှတ်တော်မှ

တိုင်ကြားခြင်းအပါအဝင် တိုင်စာပေါင်း ၅၃၃ စောင် ရရှိခဲ့ပါကြောင်း၊ တိုင်ကြားစာများတွင် မြေယာ ၁၇၀ မှု၊ တရားရေး ၉၅ မှု၊ အုပ်ချုပ်ရေး ၂၃၈ မှု၊ အထွေထွေ ၃၀ မှု ဖြစ်ပါကြောင်း၊ တိုင်ကြားစာများအနက် ပေါ်လွင်ထင်ရှားပြီး ကော်မရှင်မှ ဆောင်ရွက်ရသော အမှုအရေအတွက် သုံးမှုရှိခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် ပြဋ္ဌာန်းထားသော အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၈(ခ)၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ တို့နှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် လုပ်ကိုင်ရမည့် အစီအစဉ်အသေးစိတ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့် ကိစ္စတွင် သတင်းပေးသူကို လိုအပ်သော အကာအကွယ်ပေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ဈ)တွင် ပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေ(မူကြမ်း)တွင်လည်း ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အကယ်၍ တိုင်ကြားသူအပေါ် အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေ ပေါ်ပေါက်လာပါက လိုအပ်သည့် အကာအကွယ်၊ စောင့်ရှောက်မှုပြုနိုင်ရန် ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(င)နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနမှ အကူအညီရယူဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **“ပြည်ထောင်စုအစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအား မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် “အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထားရှိသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်စွဲပါ အမိန့်အမှတ် (၆/၂၀၁၄) ဖြင့် “လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်”ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ သို့ရာတွင် ဥပဒေပါ အမည်၊ အခေါ်အဝေါ်များ ပြောင်းလဲရန်နှင့် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ အဆင့်အတန်း သတ်မှတ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ဖြင့် “အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ”အား ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ ပြင်ဆင်ချက်ဥပဒေတွင် “လာဘ်ပေးလာဘ်ယူမှု” စကားရပ်ကို “အဂတိလိုက်စားမှု” ဟူ၍ လည်းကောင်း၊ “လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး” စကားရပ်ကို “အဂတိလိုက်စားမှု တိုက်ဖျက်ရေး” ဟူ၍လည်းကောင်း အသီးသီးအစားထိုး ပြဋ္ဌာန်းထားရှိပါကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ပြဋ္ဌာန်းချက်များအရ နိုင်ငံတော် သမ္မတရုံး၏


ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အမိန့်အမှတ် (၁၉/၂၀၁၄)ဖြင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ တရားစွဲဆိုခြင်းများနှင့်စပ်လျဉ်း၍ အဆိုပါ ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ခ)တို့တွင် ပြဋ္ဌာန်းထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မရှင်အနေဖြင့် ပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေနှင့်အညီ အဂတိလိုက်စားမှုများနှင့် သက်ဆိုင်သည့် တိုင်စာများကို လက်ခံစိစစ်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေကြမ်း ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြန်ကြားရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းမှုကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး၏ **“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူလူထုကြား သိရှိသင့်သည်များကို မီဒီယာကဏ္ဍမှ မှန်မှန်ကန်ကန် သိရှိအောင် စီမံ ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အသိပညာရရှိနိုင်ရန်အတွက် အမျိုးသားညီလာခံတွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အခြေခံမူများ အသေးစိတ်ဆွေးနွေးခဲ့မှုများကို နေ့စဉ်သတင်းအစီအစဉ်တွင် ထုတ်လွှင့် ဖော်ပြပေးခဲ့ပါကြောင်း၊ အမျိုးသားညီလာခံမှ ရေးသားပြီးစီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ၂၀၀၈ ခုနှစ်မှစတင်ကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့် မေလအထိ တေးသီချင်း ၄၂ ပုဒ်၊ ဇာတ်လမ်းတိုခြောက်ကား၊ ဆွေးနွေးခန်း(၈)ခုနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈)ခန်းပါ ပုဒ်မများကို အခြေခံသည့် ပညာပေးဇာတ်လမ်းကိုလည်း ထုတ်လွှင့်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ


ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြေကြားစဉ်။ (သတင်းစဉ်)

ဥပဒေနှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ဥပဒေစကားဝိုင်းဆွေးနွေးပွဲကို ထုတ်လွှင့်ဖော်ပြပေးခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား မှတ်တမ်းမှတ်ရာအဖြစ် ကိုးကားနိုင်ရန် မဂ္ဂဇင်းအရွယ်စာအုပ်ကို မြန်မာ၊ အင်္ဂလိပ် ပူးတွဲ၍ လည်းကောင်း၊ သယ်ယူမှုလွယ်ကူစေရန် အိတ်ဆောင်အရွယ်စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်ခွဲ၍လည်းကောင်း ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးလျက်ရှိပါကြောင်း၊ အဆိုပါ ဥပဒေစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.moi.gov.mm တွင်လည်း အများပြည်သူ လေ့လာဖတ်ရှုနိုင်ရန် ဖော်ပြထားရှိပါကြောင်း။

၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတစ်ဦး၏ တာဝန်၊ အခွင့်အရေးနှင့် နိုင်ငံသားတိုင်းလိုက်နာ စောင့်ထိန်းရမည့် အချက်များ စသည်တို့နှင့် ပတ်သက်၍ ပြည်သူလူထု သိရှိသင့်သည်များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နှစ်စဉ် ဖော်ပြပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အသိပညာပေး ဆောင်းပါးများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **“နိုင်ငံပိုင် New Light of Myanmar သတင်းစာတွင် ပြည်သူ့လွှတ်တော်အား Lower House ဟု လည်းကောင်း၊ အမျိုးသားလွှတ်တော်ကို Upper House ဟုလည်းကောင်း ရေးသားနေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အင်္ဂလိပ်ဘာသာပြန်နှင့် ကွဲလွဲနေခြင်းကြောင့် မည်သည့်ရေးထုံးအရ ရေးသားခြင်းကို သိရှိလိုခြင်း”**

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

## ❒ အမျိုးသားလွှတ်တော်မှ

၁၉၉၉ ခုနှစ်တွင် အများပြည်သူပိုင် ကိန္နရာလမ်း ကျယ်ပေ ၅၀ ၊ အရှည် ၄၇၂ ပေ၊ ဧရိယာ ၀ ဒသမ ၅၄၆ ဧကကို ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးပိုင်မြေအဖြစ် သတ်မှတ်ပြီး အဆိုပါလမ်းကို အုတ်တံတိုင်းဖြင့် ပိတ်ဆို့ကာရံခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ပြည်သူများသည် ကိန္နရာလမ်းမှ မြို့မလမ်းဘက်သို့ သွားလာလိုပါက ဆေးရုံကြီး အုတ်နံရံနှင့်ကပ်လျက်ရှိသော နေသူရိန်လမ်းမှတစ်ဆင့် ထင်းတန်းလမ်း၊ မြို့မလမ်းများသို့ သွားလာခဲ့ကြပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးပိုင်အဖြစ် လွှဲပြောင်းရယူခဲ့သော ကိန္နရာလမ်းပိုင်း၏ အနောက်ဘက်ခြမ်း၌ သူနာပြုသင်တန်းသူများအတွက် အိပ်ဆောင် (သုံးထပ်ဆောင်)ကို ဆောက်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅


ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ (လေးထပ်ဆောင်) ဆောက်လုပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်ချက်အရ လွှဲပြောင်းရယူခဲ့သော ကိန္နရာလမ်းပိုင်းကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ အဆိုပါလမ်းပိုင်းကို အသုံးပြုလိုသော ပြည်သူများအနေဖြင့် ဆေးရုံကြီးနှင့်ကပ်လျက်ရှိသော နေသူရိန်လမ်းမှတစ်ဆင့် သွားလာဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **“လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ရမှုများတွင် နစ်နာသူများ၊ နစ်နာမှုများကို ထိုက်တန်စွာကုစားပေးရန်နှင့် လျှပ်စစ်ဆိုင်ရာဘေးအန္တရာယ်လုံခြုံမှုအတွက် ထိရောက်စွာကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက တည်ငြိမ်၍ ဗို့အားပြည့်မီသော လျှပ်စစ်ဓာတ်အားကို လုံခြုံ၍ဘေးအန္တရာယ်ကင်းရှင်းစွာ ၂၄ နာရီ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် (၁) မဂ္ဂါဝပ် ၁၀၀၀ ကီလိုဝပ် ပမာဏရှိသော ဓာတ်အားကို ဖြန့်ဖြူးမည်ဆိုပါက အမေရိကန်ဒေါ်လာတစ်သန်း


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

သို့မဟုတ် မြန်မာကျပ်ငွေသန်း ၁၀၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုးတက်သုံးစွဲလာသည့် ဓာတ်အားပမာဏအပေါ် ခွင့်ပြုရရှိခဲ့သည့် ရန်ပုံငွေပမာဏမှာ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဟောင်းများ အစားထိုးလဲလှယ်တပ်ဆင်မှုအတွက် မလုံလောက်သည့်အပြင် ထပ်မံတိုးချဲ့တပ်ဆင်မှုများကိုလည်း လိုအပ်သလောက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးဌာနပိုင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၄၆၆ ဒသမ ၄ မိုင်၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၄၉၀၃ ဒသမ ၉၂ မိုင်၊ ၁၁ ကေဗွီနှင့် ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်း ၁၀၆၂၅ ဒသမ ၇၈ မိုင်နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၃၃၀၃ ဒသမ ၁၂ မိုင် တည်ဆောက်ထားရှိရာ အန္တရာယ်ကင်းရှင်းစေမည့် လျှပ်တားအကာပါသောကြိုးစနစ်ဖြင့် ပြောင်းလဲတပ်ဆင်မည်ဆိုပါက ဗို့အားအပေါ်မူတည်၍ ကုန်ကျစရိတ် ၁ မိုင်လျှင် ကျပ် ၅၅၈ သန်းမှ ၉၃၀ သန်းခန့်အထိ ကုန်ကျမည်ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၅၀ နီးပါး ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသော ယင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးအောင် လဲလှယ်တပ်ဆင်အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအရင်းအနှီးနှင့်အချိန် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်၏ ချွတ်ယွင်းမှုကြောင့် ထိခိုက်နစ်နာမှုပေါ်ပေါက်ပါက ဝန်ထမ်းများအတွက် လူမှုဖူလုံရေးရန်ပုံငွေ ထည့်သွင်းစုဆောင်းထားရှိ၍ ပေးလျော်ပေးလျက်ရှိပါကြောင်း၊ အလားတူ ဓာတ်အားသုံးစွဲသူများ၏ ထိခိုက်နစ်နာမှုများနှင့် လူပုဂ္ဂိုလ်၊ သတ္တဝါများအတွက် ထိခိုက်နစ်နာမှုများကို လူမှုဖူလုံရေးရန်ပုံငွေမှလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေတိုးတက်လာမှုအခြေအနေအရလည်းကောင်း လုံလောက်ထိုက်တန်သော လျော်ကြေးများ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်း

*ရှေ့ဖုံးမှ*

ယခုနှစ်ဆောင်ပုဒ်ကို "ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူ၍ သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံအသိုက်အဝန်း၏မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရာတွင် နိုင်ငံအသီးသီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့်အတူ နိုင်ငံတိုင်း၏ စားရေရိက္ခာဖူလုံရေးတာဝန်ကို အကောင်အထည်ဖော်နေကြသည့်တာဝန်သည် နိုင်ငံတိုင်းအတွက်မရှိမဖြစ် အဓိကအခြေခံ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း။

စားရေရိက္ခာဖူလုံမှုမရှိဘဲ လူမှုဘဝသာယာမှုကို တည်ဆောက်နိုင်မည်မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက်တွင်လည်း ၂၀၂၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး ရည်မှန်းချက် သတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် အာဆီယံနိုင်ငံများအနေဖြင့်လည်း လက်တွဲညီညီ ကြိုးပမ်းပါဝင် ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

သို့ရာတွင် ကမ္ဘာ့လူဦးရေသည် နှစ်စဉ် ပုံမှန်တိုးပွားလာလျက်ရှိနေပြီး လက်ရှိလူဦးရေ ခုနစ်ဘီလီယံတွင် နေ့စဉ်လူဦးရေ သန်းပေါင်း ၈၅၀ ခန့်သည် စားရေရိက္ခာအခက်အခဲနှင့် အာဟာရမပြည့်ဝမှု ခံစားနေကြရပါကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံကျော် ၁၀ ဘီလီယံအထိ တိုးပွားမြင့်တက်လာမည်ဖြစ်ကြောင်း တွက်ချက်ထားရှိမှုများအရ စားနပ်ရိက္ခာထုတ်လုပ်မှုကို ယခုထက် နှစ်ဆပိုမိုထုတ်လုပ်ရန် လိုအပ်လာမည်ဖြစ်ပါကြောင်း။

အားလုံးသိရှိကြသည့် အတိုင်း ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာနေမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်ကျဆင်းရခြင်းအချက်ကိုလည်း တွက်ချက်ပြီး နိုင်ငံတိုင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပိုမို၍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်ရှိနေကြောင်းကို မီးမောင်းထိုးပြ ပြောကြားလိုပါကြောင်း။

ရေရှည်တည်တံ့ ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် သဘာဝတောတောင် ရေအရင်းအမြစ်၊ သစ်တော၊ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများကို အထူးအလေးအနက်ထား၍ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများ အတွင်း၌လည်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မြင့်တက်လာခဲ့သော အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာဈေးနှုန်းများကြောင့် အာဆီယံခေါင်းဆောင်များသည် စားနပ်ရိက္ခာဖူလုံမှုစိတ်ချစေရေး အမြဲတမ်းပူးပေါင်းဆောင်ရွက်ကြရန် ကတိပြုခဲ့ကြပြီး ဘက်စုံလွှမ်းခြုံသည့် အာဆီယံစားနပ်ရိက္ခာဖူလုံစိတ်ချစေရေး မူဘောင်နှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အာဆီယံဒေသ စားနပ်ရိက္ခာ ဖူလုံစိတ်ချစေရေး မဟာဗျူဟာများကို ကြေညာစာတမ်းတွင် အတည်ပြုနိုင်ခဲ့ကြပြီးဖြစ်ပါကြောင်း။

အလားတူ အာဆီယံနိုင်ငံများအတွင်း အာဆီယံပူးပေါင်းဆောင်ရွက်မှုမူဘောင်အရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစားနပ်ရိက္ခာဖူလုံမှုဘုတ်အဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက် စီမံကိန်းနှင့် အာဆီယံနှင့် အပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာ အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ မိသားစုလယ်ယာလုပ်ငန်းနှစ်"အဖြစ် သတ်မှတ်ပြီး "မိသားစုတိုင်း၏ စိုက်ပျိုး ထုတ်လုပ်မှုစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့" ဆောင်ပုဒ်ချမှတ်ပေးထားသည်ကို အားလုံးသတိမူပြီး လယ်ယာကဏ္ဍတွင် အဓိကအင်အားစု ၈၀ ရာခိုင်နှုန်းကျော် ပါဝင်နေကြသည့် လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် မိသားစုလယ်ယာစိုက်ပျိုးရေး လုပ်ငန်းငယ်များကို ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်ချက်များအပေါ်တွင် အလေးအနက် ညှိနှိုင်းသုံးသပ်ပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ကူညီဖော်ဆောင်ပေးကြရန် လိုအပ်ချက်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

အခြေခံကျသည့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာကဏ္ဍပေါ်တွင် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်အလို့ငှာ ၎င်းတို့ စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် ထိုက်တန်ခိုင်မာသော ဈေးနှုန်းများရရှိရေးအချက်ကိုလည်း အာဆီယံနိုင်ငံများအကြား နည်းလမ်းများရှာဖွေပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အာဆီယံထိပ်သီးဆွေးနွေးပွဲများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ ချမှတ်ခဲ့သည့် သဘောတူညီမှု မူဘောင်များနှင့်အညီ ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍမှတစ်ဆင့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ကို အလေးအနက်ယုံကြည်မိပါကြောင်း။

စားရေရိက္ခာနှင့် အာဟာရပြည့်ဝရေးသည် လူသားတို့အတွက် မရှိမဖြစ် လိုအပ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယနေ့ကာလ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုအခန်းကဏ္ဍသည် ရှေးယခင်သမိုင်းကာလထက် ပိုမိုအရေးပါလျက်ရှိကြောင်းကို အခိုင်အမာ ယုံကြည်မိပါကြောင်း၊ အနာဂတ်မျိုးဆက်များ စီမံခန့်ခွဲမှုအပေါ် အလေးထားပြီး နီးကပ်စွာ အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လာမည့်(၃)ရက်တာ ကာလအတွင်း အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်ရန် မိမိတို့၏အမြင်နှင့် အကြံဉာဏ်များ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပြည့်စုံပြီး ပျော်ရွှင်ဖွယ် အသိုက်အဝန်းအဖြစ် ဖန်တီးနိုင်ရေးအတွက် အာဆီယံပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရအဆင့်အတန်း တိုးတက်မှုနှင့် စားနပ်ရိက္ခာ အန္တရာယ်ကင်းရှင်းမှု နယ်ပယ်များတွင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေး ပေါင်းစည်းမှုအတွက် ဆောင်ရွက်မည့် အစီအမံများ ဖော်ထုတ်နိုင်သော အခွင့်အလမ်းများကို ရရှိမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းမွန်သောပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ကောင်းမွန်သော သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနည်းလမ်းများပါဝင်သည့် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအပေါ် ဗဟိုပြုသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အာဆီယံဒေသအတွက်သာမက စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများကို အသေအချာ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက "တို့အောင်ပွဲခံအာဆီယံ" သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၃၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)




**(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

---

*စာမျက်နှာ ၇ မှ*

မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော The New Light of Myanmar သတင်းစာတွင် လွှတ်တော်များ လုပ်ငန်းစတင်ဆောင်ရွက်ချိန်ကတည်းက ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyidaungsu Hluttaw ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Amyotha Hluttaw ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyithu Hluttaw ဟုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် အတိုင်းသုံးနှုန်းဖော်ပြခဲ့ပါကြောင်း။

The New Light of Myanmar သတင်းစာတွင် အထက်တင်ပြပါ အသုံးအနှုန်းများအတိုင်း ရေးသားဖော်ပြခြင်းကြောင့် နိုင်ငံခြားသားအများစု ဖတ်ရှုသည့်အခါ နားမလည်နိုင်ကြောင်း အကြံပြုချက်များ ရရှိခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် မေ ၁၅ ရက်မှစပြီး ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် Pyidaungsu Hluttaw ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် (Upper House) ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် (Lower House) ဟုလည်းကောင်း ပြင်ဆင်သုံးနှုန်းခဲ့ပါကြောင်း။

နိုင်ငံတကာ လွှတ်တော်များကို လေ့လာသည့်အခါ အမေရိကန်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းပြီး အောက်လွှတ်တော်ကို The House ဟု ရေးသားသုံးနှုန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဂျပန်လွှတ်တော်တွင် အထက်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းထားပါကြောင်း၊ အိန္ဒိယလွှတ်တော်တွင်လည်း အထက်လွှတ်တော်ကို The Upper House ဟု ရေးသားသုံးနှုန်းပြီး အောက်လွှတ်တော်ကို The Lower House ဟု ရေးသားသုံးနှုန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယခုအခါ The New Light of Myanmar သတင်းစာတွင် ပြည်တွင်း၊ ပြည်ပ စာဖတ်ပရိသတ်များ အလွယ်တကူ နားလည်စေမည့် Amyotha Hluttaw (The Upper House) ဟုလည်းကောင်း၊ Pyithu Hluttaw (The Lower House) ဟုလည်းကောင်း နှစ်မျိုးစလုံး ဖော်ပြ၍ ပြောင်းလဲအသုံးပြုလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

---

## ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၄-၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆၆ ဒသမ ၆၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၅၆ ဒသမ ၉၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၂၃ ဒသမ ၆၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁၆၁ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၃၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၅၂ ဒသမ ၉၂ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဩဂုတ်လအတွက်စုစုပေါင်းကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀၉၂ ဒသမ ၅၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆၁၅ ဒသမ ၈၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၇၀၈ ဒသမ ၄၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆၄၈ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၅၆ ဒသမ ၁၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၅၀၄ ဒသမ ၆၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ ၁၇၉၆ ဒသမ ၂၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောထွက် ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဝန်ကြီး H. E. Mr. NISHIKAWA Koya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်မွေးမြူရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. HIGUCHI Tateshi လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အကူပြုရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး၊ တန်ဖိုးမြင့် သစ်အချောထည်များ ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဝန်ကြီး H. E. Mr. NISHIKAWA Koya ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက နေပြည်တော်မှထွက်ခွာလာရာ ဂျပန်နိုင်ငံ တိုကျိုမြို့ Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ **(ဓာတ်ပုံ)**

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ General Affairs Department ၏ Director ဖြစ်သူ Major General Junichi ARAKI နှင့်ဇနီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

*စာမျက်နှာ ၇ မှ*

ပေးအပ်နိုင်ရန်အတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဝန်ထမ်းများအတွက် အန္တရာယ်ကာကွယ်ရေး ကိရိယာတန်ဆာပလာများနှင့် လုံခြုံရေးအစီအမံများကို ကျွမ်းကျင်မှုအပိုင်းအရလည်းကောင်း၊ ရန်ပုံငွေရရှိမှု အပေါ် မူတည်၍လည်းကောင်း နှစ်စဉ်ပိုမိုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုပေးရာ၌ ပေါ့လျော့တာဝန်ထမ်းဆောင်မှု ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသော ပြစ်ဒဏ်များ ချမှတ်လျက်ရှိပါကြောင်း။

ယခုအခါ အရည်အသွေး ပြည့်မီခြင်းမရှိသည့်ပစ္စည်းများ မဖြစ်စေရေးအတွက် အထူးဂရုစိုက် ရွေးချယ်အသုံးပြုလျက်ရှိပါကြောင်း၊ တိုးတက်တောင်းခံလာသော ဓာတ်အားသုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေအတွင်း ဓာတ်အား တိုးချဲ့ပေးနိုင်ရေးကိုသာ ပြည်သူများအတွက် ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း၊ ယခုကာလမှစ၍ လျှပ်စစ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခြင်းနှင့် ပြည်သူများ၏အသက်အန္တရာယ် မဖြစ်စေရေးအတွက် ဝန်ထမ်းအားလုံး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးရန်အတွက် ရန်ပုံငွေလုံလောက်စွာ အသုံးပြုနိုင်သည့်အချိန်တွင် ပိုမိုခေတ်မီသော အကာအကွယ်များကို တိုးချဲ့တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄)ဒုတိယနေ့ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦး တက်ရောက်သည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း (၁၁)ခု ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သို့တင်သွင်းသော အဆိုသုံးခုကို တင်သွင်းခြင်း၊ ထောက်ခံခြင်း၊ လွှတ်တော်တွင် သဘောဆန္ဒရယူ၍ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် ပထမနေ့အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆိုနှစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်သည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄) ပထမနေ့ကို ညနေ ၃ နာရီ မိနစ် ၂၀တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဲသောင်ပြင်ဘောလုံး ယနေ့ ဗိုလ်လုမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း ဖွဲ့စည်းရန် ကျင်းပသည့် လူရွေးပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏပန်းခြံကွင်း၌ ကျင်းပရာ UPT က မလိခကို ကိုးဂိုး-ငါးဂိုး၊ Joker က လင်းစဒေါင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကြပြီး ဗိုလ်လုပွဲကို စက်တင်ဘာ ၂၄ ရက် **(ယနေ့)**တွင် ကျင်းပမည်ဖြစ်ရာ UPT နှင့် Joker တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် မလိခနှင့် လင်းစဒေါင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

✲ *ကျောဖုံးမှ*

ဆက်လက်၍ အင်ချွန်းမြို့တွင် ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထောက်လုပြိုင်ပွဲတွင် စန္ဒီဦးက ချန်းချွန်ပြိုင်ပွဲအဆင့် ၆ ရရှိပြီး မြတ်သက်စုဝေဖြိုးက အဆင့် ၁ ရရှိကာ ငြိမ်းချမ်းကိုကိုက ထိုက်ချီချန်နှင့် ထိုက်ချီလှံနှ်ပြိုင်ပွဲ နှစ်ပွဲပေါင်းအဆင့် ၉ ရရှိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက်တွင် မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ နံနက်ပိုင်း ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် သေနတ်ပစ်ပြိုင်ပွဲ၏ မီတာ ၅၀ ရိုင်ဖယ်ပစ် ပွဲစဉ်တွင် မြန်မာနိုင်ငံမှ သူသူကျော်နှင့် အေးအေးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြားပစ်ပြိုင်ပွဲကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နေမျိုးအောင်နှင့် မွန်းလွဲ ၂ နာရီတွင် ဇာခြည်ဝင်းတို့က ရီကတ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပိုက်ကျော်ခြင်း ပြိုင်ပွဲအဖြစ် အမျိုးသမီး သုံးယောက်တွဲ (Regue) အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ကိုရီးယားအသင်းတို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အလေးမပြိုင်ပွဲတွင် မြန်မာအသင်းမှ ၈၅ ကီလိုတန်း၌ မြန်မာနိုင်ငံမှ ဝင်းနိုင်ထွန်းက ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ ဘောလီဘောပြိုင်ပွဲကို ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

ပြည်တွင်းသတင်း

# မြန်မာ-အိန္ဒိယနယ်စပ်နှင့် အဆင့်တိုးမြှင့်မည့် အခြားနယ်စပ်ပေါက်များ

CL ထန်းငါ

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားများ လာရောက်မှု ပိုမိုလွယ်ကူ နိုင်စေရေးအတွက် ပြည်ဝင်ခွင့်ဗီဇာစနစ်နှင့် ခရီးသွားလုပ်ငန်းများ တိုးချဲ့ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများမှတစ်ဆင့် e-visa စနစ်ဖြင့် ဝင်ရောက်လိုသည့် နိုင်ငံခြားသားများအတွက် လက်ရှိနယ်စပ်ဝင်/ထွက်ပေါက်များကို အဆင့်တိုးမြှင့်သွားရန်ရှိကြောင်း သိရသည်။

ထို့အပြင် လက်ရှိနယ်စပ်ဝင်ပေါက်များအား အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ပေါက်အဖြစ် တိုးမြှင့်သတ်မှတ် ဖွင့်လှစ်ဆောင်ရွက်သွားရန် စီမံလျာထားမှုရှိနေကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှုသည် မိုင်ပေါင်း ၅၂၉၁ ခန့်ရှည်လျားရာ ယင်းနယ်စပ်တစ်လျှောက်တွင် မြန်မာနိုင်ငံက နယ်စပ်စခန်း ၁၆ ခု ဖွင့်လှစ်ထားပြီဖြစ်သည်။

နယ်နိမိတ်ချင်း ထိစပ်သည့် အဆိုပါအိမ်နီးချင်း ငါးနိုင်ငံအနက် အိန္ဒိယနိုင်ငံမှလွဲ၍ ကျန်လေးနိုင်ငံ နယ်စပ်ဝင်/ထွက်ပေါက်များတွင် နိုင်ငံခြားသားများ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass-BP)နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass-TBP)များဖြင့် အိမ်နီးချင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား နယ်စပ်အနီးတစ်ဝိုက်၌သာ သွားလာခွင့်ပြုလျက်ရှိသည်။

နယ်စပ် ဝင်/ထွက်ပေါက်များ အဆင့်တိုးမြှင့်မည့် အစီအစဉ်တွင် မြန်မာနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ဝင်ထွက်ပေါက်များကို ထည့်သွင်းထားခြင်း မရှိသေးကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာမှုနှင့် စပ်လျဉ်း၍ နှစ်ဖက်သဘောတူစာချုပ် (Border-Cross Aggreement)ချုပ်ဆိုနိုင်ပြီးမှသာ နယ်စပ်ဝင်/ထွက်ပေါက်များ အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ၏အဓိက နယ်စပ်ဂိတ်ပေါက်များသည် မိုးရေး-တမူးနှင့် ဇိုခေါထားရ်-ရိဒ်ခေါဒါရ် နယ်စပ်ဂိတ်(စခန်း)များဖြစ်ပြီး လက်ရှိအနေအထားတွင် နှစ်နိုင်ငံနားလည်မှုဖြင့် သတ်မှတ်နယ်စပ်ဖြတ်သန်းခငွေကောက်ခံ၍ ယင်းနယ်စပ်ပေါက်များမှတစ်ဆင့် နေ့ချင်းပြန် ဝင်/ထွက်ခွင့်ပြုနေသည်ကို တွေ့ရသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ အာဏာပိုင်များအချင်းချင်း ညှိနှိုင်းသဘောတူညီချက်များအရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှစ၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုခေါထားရ်ထွက်ပေါက်နှင့် ရိဒ်ခေါဒါရ်ဝင်/ထွက်စခန်းကို နှစ်ဖက်တရားဝင်ဖွင့်လှစ်ထားရာ ဝင်/ထွက်အခကြေးငွေအနေဖြင့် အိန္ဒိယနိုင်ငံသား တစ်ဦးလျှင် ၁၀ ရူပီးနှင့် နေ့ချင်းပြန် ရိဒ်ခေါဒါရ်မြို့နှင့် ရိဒ်ရေကန်တစ်ဝိုက်အထိ သွားလာခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံမှအထွက်ကို ငွေကျပ် ၅၀၀ နှုန်းနှင့် နေ့ချင်းပြန် ခွင့်ပြုပေးလျက်ရှိသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသည် နယ်စပ် ဖြတ်သန်းသွားလာရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုကို ၂၀၀၃ ခုနှစ်ကပင် စတင်ပြုလုပ်ခဲ့သော်လည်း ယခုချိန်အထိ နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးကိစ္စအား အပြီးသတ်ဆွေးနွေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

နယ်စပ်ဒေသပြည်သူများ တရားဝင်သွားလာနိုင်ရေးအတွက် ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ဖြင့် နယ်စပ်ဖြတ်ကျော်သွားလာခွင့် ပြုခဲ့ကြောင်း သိရသည်။

အခြားအိမ်နီးချင်း နိုင်ငံများဖြစ်သော မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း၊ မြန်မာ-လာအိုနိုင်ငံများသည် နှစ်နိုင်ငံချင်း ညှိနှိုင်းသဘောတူညီချက် (MoU) များအရ ၁၉၉၇ ခုနှစ်၌ နယ်စပ်ဝင်ထွက်သွားလာမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ်သည် ၁၉၈၀ ပြည့်နှစ်၌ ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များအရ လာအိုနယ်စပ်မှလွဲ၍ နှစ်နိုင်ငံနယ်နိမိတ်တွင်နေထိုင်သူ အိမ်နီးချင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား လျှောက်ထားရယူခဲ့သည့် လက်မှတ်အမျိုးအစားအလိုက် အနည်းဆုံး တစ်ပတ်ကြာ သွားလာနေထိုင်ခွင့်ပြုလျက်ရှိသည်။

ထို့အပြင် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များအပြင် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာ(Passport/Visa) သက်တမ်းရှိသူ နိုင်ငံခြားသားခရီးသည်များအတွက် အဆိုပါနယ်စပ်ပေါက်များမှ ဝင်ရောက်လိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ ဝင်/ထွက်မှုပြုထားပြီဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ် ဝင်/ထွက်ပေါက်များဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဝင်/ထွက်စခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ ချင်းပြည်နယ် ဖလမ်းမြို့တွင် ရိဒ်ခေါဒါရ်စခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ထားခဲ့ပြီးဖြစ်သည်။

အဆိုပါ နယ်စပ်ပေါက်မှဝင်ထွက်မှုများအား တိုးမြှင့်နိုင်ရန်အတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး အသေးစိတ် ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ပြီး ယင်းစာချုပ် ချုပ်ဆိုပြီးမှသာ နယ်စပ်ဝင်/ထွက်ပေါက်များ အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုနှင့် ပတ်သက်ပြီး ၂၀၁၃ခုနှစ်က ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ ပလက်ဝမြို့နယ် ဆမီး၊ မတူပီ၊ ရေဇွာမြို့နယ်ခွဲများမှလွဲ၍ ကမ္ဘာလှည့်ခရီးသည်များ ကန်ပက်လက်၊ မင်းတပ်၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ဖလမ်း၊ ရိဒ်ခေါဒါရ်၊ ထန်တလန်နှင့် ဟားခါးမြို့များသို့ ကြိုတင်ခွင့်ပြုချက်မလိုဘဲ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ပြီး ခရီးသွားလုပ်ငန်းတိုးတက်ရန်အတွက် လိုအပ်သည်များကိုလည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




ချင်းပြည်နယ် ရိဒ်ရေကန်သို့ ရိဒ်ခေါဒါရ်စခန်းမှ လာရောက်လည်ပတ်လိုသည့် ပြည်ပနိုင်ငံသားတစ်ဦးအား ဇိုခေါထားရ်စစ်ဆေးရေးစခန်း၌ တွေ့ရစဉ်။ ဓာတ်ပုံ - CL ထန်းငါ

အိန္ဒိယနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအကြား အပြန်အလှန်လေ့လာမှုအစီအစဉ်နှင့် သက်ဆိုင်သည့်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်း လုပ်ငန်းများအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လည်း ရှိကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နှစ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်နှင့်အနီးတစ်ဝိုက်ဒေသကုန်သည်များအနေဖြင့် တစ်ဦးတည်းပိုင် ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကတ် (ITC) ထုတ်ပေးခဲ့ရာ ယင်းကတ်ဖြင့် အဆိုပါ နယ်စပ်ပေါက်များဖြစ်သည့် တမူးနှင့် ရိဒ်နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။

ယခု နယ်စပ် ဝင်/ထွက်ပေါက်များ အဆင့်တိုးမြှင့်ရန် စီစဉ်ထားခြင်းအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဂိတ်များကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၈ရက်မှစ၍ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်၊ထွက်ပေါက်များ (International Point of Entry and Exit)ဟူ၍ တိုးမြှင့်သတ်မှတ်ဖွင့်လှစ်ဆောင်ရွက်ပြီး ဖြစ်ရာ ဆက်လက်၍ အခြားနယ်နိမိတ်၊ နယ်စပ်ဒေသများကိုလည်း တစ်စထက်တစ်စ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် စီမံလျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏လက်ရှိပြည်ဝင်ခွင့်ဗီဇာစနစ်အရ ပြည်တွင်းသို့လာရောက်လိုသူများသည် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှဗီဇာခြောက်မျိုးဖြင့် ဝင်ရောက်လျက်ရှိရာ အီးဗီဇာစနစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌သာ တရားဝင်ခွင့်ပြုပေးလျက်ရှိသည်။

အဆိုပါဝင်ပေါက်သုံးခုမှ ခရီးသွားများဝင်ရောက်မှုမှာ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ စုစုပေါင်း ၁၆၀၄၇၄၆ ဦးရှိနေရာ ပြီးခဲ့သည့်နှစ်အလားတူကာလကထက် ခရီးသည်လေးသိန်းရှစ်သောင်းကျော် ပိုမိုရောက်ရှိလာပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှု ဒေါ်လာသန်း ၆၀၇ တိုးတက်လာသည်ကိုလည်း တွေ့ရသည်။

ထို့အပြင် နယ်စပ်ပေါက်များမှ ဝင်ရောက်မှုနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လည်း ရှိသည်။

ယခု နယ်စပ်ပေါက်များ အဆင့်တိုးမြှင့်ရန် စီစဉ်ထားခြင်းအား အကောင်အထည် ဖော်နိုင်ပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတကာနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်း အပြန်အလှန် လည်ပတ်ရေး စသည့် လုပ်ငန်းအား ဆောင်ရွက်ခြင်းအားဖြင့် တိုင်းပြည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

## တောင်ငူ၌ ဆီဘောက်ဆာကားနှင့် ဆိုင်ကယ်တိုက်

**တောင်ငူ စက်တင်ဘာ ၂၃**

တောင်ငူမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်းရှိ မင်းကြီးညိုရုပ်တုကြီး အနီးတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်က ဆီဘောက်ဆာကားမှ ရှေ့ကားကိုကျော်တက်စဉ် ဆိုင်ကယ်ကို ဝင်တိုက်မိ၍ ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းလာသူ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း နီတွတ်(၃၁ နှစ်) ဈေးပိုင်းရပ်ကွက် အမှတ်(၆)လမ်း ဖြူးမြို့နယ်နေသူ မောင်းနှင်လာသည့် ဆီဘောက်ဆာတင်ကားသည် တောင်ငူမြို့လယ်ရှိ မင်းကြီးညိုရုပ်တုကြီးအနီးအရောက်တွင် ရှေ့ကားကိုအရှိန်ဖြင့် ကျော်တက်စဉ် အဆိုပါလမ်းမအတိုင်း မြောက်မှတောင်သို့ ဦးညဏ်ထွန်း(၃၈ နှစ်) မောင်းနှင်ပြီး နောက်တွင် လိုက်ပါစီးနင်းလာသူ ဦးတင်အောင် (၆၁ နှစ်) (၂၁)ရပ်ကွက် ဇေယျာခင်ဦး(၁)လမ်း တောင်ငူမြို့နယ်နေသူတို့ စီးနင်းလာသည့် Wave 110 အနက်/အဖြူကြား မော်တော်ဆိုင်ကယ်သည် လမ်း၏ ညာဘက် ဗိုလ်မှူးဖိုးကွန်းလမ်းပေါ်မှ မင်းကြီးညိုရုပ်တုကြီး မျက်နှာစာဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် ဆီဘောက်ဆာကားဖြင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် မော်တော်ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူ ဦးတင်အောင်သည် ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းသူ ဦးညဏ်ထွန်းမှာ ဒဏ်ရာများဖြင့် တောင်ငူပြည်သူ့ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ယာဉ်မောင်းဦးနီတွတ်ကို တောင်ငူမြို့မရဲစခန်းမှ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၂၃)**

## လုပ်ငန်းခွင်သုံးရန် ကျွဲဖမ်းရာမှ ကျွဲခတ်ခံရ

**ငွေဆောင် စက်တင်ဘာ ၂၃**

ငွေဆောင်မြို့ ရွာသာယာကျေးရွာတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ဦးကုလားပိုင် ကျွဲထီးကို လုပ်ငန်းခွင်တွင်အသုံးပြုရန်အတွက် ဝိုင်းဝန်းဖမ်းဆီးရာ ဖမ်းဆီးသူများထဲမှ အနီးဆုံးရှိသူ ရွာသာယာကျေးရွာနေ မောင်ဖိုးသံခဲ(၂၈ နှစ်)ကို အဆိုပါ ကျွဲထီးကခတ်လိုက်သဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ကျွဲခတ်ခံရသူ ဖိုးသံခဲကို ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်သောအဖွဲ့က ညောင်မှော်ကျေးရွာသို့ ထမ်းစင်ဖြင့်လည်းကောင်း၊ ညောင်မှော်မှ ငွေဆောင်ဆေးရုံသို့ မြတ်ဒါနလူမှုကူညီရေးအဖွဲ့က အရေးပေါ်လူနာတင်ယာဉ်ဖြင့် ငွေဆောင်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မူမူ(iprd)**

## စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၃၀၀ ဖိုး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

စက်တင်ဘာ ၂၁ ရက်က အမှတ်(၁၀၄) မူးယစ်တပ်ဖွဲ့စု နေပြည်တော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ၊ တိုးဂိတ်အနီးတွင် တောင်ကြီးမှ မန္တလေးသို့ စိုင်းရန်နိုင်ဆိုသူမောင်းနှင်လာသည့် ၄ဂ/----၊ ODYSSEY အမျိုးအစား အဖြူရောင်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဂက်(စ်)အိုးအတွင်းမှ ပလတ်စတစ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀၀ နှင့် အိုက်စ်တစ်ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် ၅၃၀၀ သိန်း) ကို ဖမ်းဆီးရမိ စိုင်းရန်နိုင် (၃၂ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂၁ ရက်က အမှတ်(၁၀၃)မူးယစ်တပ်ဖွဲ့စု နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်း (၂၆×၂၇)လမ်းကြားတွင် အောင်နိုင်ဦး(ခ) ထွန်းထွန်းဆိုသူ မောင်းနှင်ပြီး မတင်မိုးဇော်(ခ)မိုးမိုးဇော်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ မတင်မိုးဇော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈ ပြားနှင့် အမရပူရမြို့နယ် ကျွန်တန်းရပ်ကွက်ရှိ ၎င်းတို့၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆ ပြား စုစုပေါင်းဆေးပြား ၇၇၄ ပြား ဖမ်းဆီးရမိသဖြင့် အောင်နိုင်ဦး(ခ)ထွန်းထွန်း(၂၉ နှစ်)နှင့် မတင်မိုးဇော်(ခ)မိုးမိုးဇော် (၃၆ နှစ်) တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လေပိုက်အပူရှိန်လွန်ကဲရာမှ ကားမီးလောင်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၃**

သာကေတမြို့နယ် ၂/ မြောက်ရပ်ကွက် ဇင်္ဂမလမ်းရှိ ရုပ်ရှင်ရုံမှတ်တိုင်အနီး၌ စက်တင်ဘာ ၂၂ ရက် ညပိုင်းက မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ သာကေတမြို့နယ်နေ ယာဉ်မောင်း ကိုအောင်ကိုလွင် (၂၅ နှစ်) မောင်းနှင်လာသော 3B ---- အမှတ်(၃၅)ယာဉ်လိုင်း ခရီးသည်တင်ယာဉ်သည် စက်တင်ဘာ ၂၂ ရက် ညနေ ၆ နာရီ ၁၀ မိနစ်က အဆိုပါနေရာ အနီးအရောက် မော်တော်ယာဉ် နောက်ဘက်အင်ဂျင်ခန်းအတွင်းရှိ လေပိုက်မှ အပူရှိန်လွန်ကဲပြီး မီးစွဲလောင်ခဲ့သဖြင့် မီးသတ်ဆေးဘူးများဖြင့် ပက်ဖျန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**တင်လှမောင်**

# လယ်ယာမြေခွဲဝေချထားခြင်း ပွင့်လင်းမြင်သာစွာချပြရှင်းလင်း



**ဘီးလင်း စက်တင်ဘာ ၂၃**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း သောင်ထွန်းမြေ ၁၉၂ ဧကကို ပြန်လည်ခွဲဝေချထားခဲ့ရာတွင် ဖြစ်ပေါ်ခဲ့သည့် အငြင်းပွားမှုများအပေါ် စစ်ဆေးဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူတို့က စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက အရက်သီမ ကျေးရွာအုပ်စု ယက္ကန်းသည်မ ကျေးရွာ အရှေ့ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဒေသခံများအား ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ဦးဝင်းမော်ဦးက မိမိတို့လာရောက်ဆောင်ရွက်ရသည့် လုပ်ငန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ဦးမျိုးညွန့်က လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ချပြဆွေးနွေးသည်။ ယင်းနောက် မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးက အငြင်းပွားမှုပေါ်ပေါက်ရသည့် အကြောင်းရင်းကို သုံးသပ်ဆွေးနွေးရာ ပြည်နယ်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သထုံခရိုင် မြေစာရင်းဦးစီးမှူးတို့က အငြင်းပွားဖြစ်ပေါ်မှုကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်မြေရှင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်နိုင်ရေး အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# သမဝါယမချေးငွေသန်း ၃၀၀ ထပ်မံရရှိနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၃**

တောင်သူများအား အတိုးနှုန်းသက်သာစွာဖြင့် သမဝါယမဝန်ကြီးဌာနက ချေးငွေများ ထုတ်ချေးလျက်ရှိရာ ချေးငွေများ ထပ်မံထုတ်ချေးနိုင်ရန်အတွက် တရုတ်ဘဏ်တစ်ခုမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူနိုင်ရေး သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း သမဝါယမဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုချေးယူတဲ့ သန်း ၃၀၀ အနက်က သန်း ၁၂၀ ကို ချေးငွေမရသေးတဲ့ သမဝါယမအသင်းသား တောင်သူတွေအတွက် ထုတ်ချေးပေးသွားမှာပါ။ သန်း ၁၅၀ ကိုတော့ ချေးငွေခံစားပြီးတဲ့ စိတ်ဓာတ်ကောင်းတဲ့ အသင်းသားတွေ၊ ချေးငွေကို မှန်မှန်ကန်ကန်ပြန်ဆပ်ပြီး တိုးတက်နိုင်ချေရှိတဲ့ အသင်းသားတွေကို ငွေကျပ် တစ်သိန်းကနေ ငါးသိန်းအထိ ထုတ်ချေးရာမှာ အသုံးပြုသွားမှာပါ။ ကျန် ၃၀ ရာခိုင်နှုန်းကိုတော့ လယ်ယာသုံးပစ္စည်းတွေ အရစ်ကျဝယ်ယူရာမှာ ထုတ်ချေးသွားမှာဖြစ်ပါတယ်" ဟု သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက စစ်ကိုင်းမြို့ အားကစားခန်းမ၌ ပြုလုပ်သော သမဝါယမဦးစီးဌာနနှင့် တရုတ်ဘဏ်တို့၏ ချေးငွေရယူရေးညှိနှိုင်းဆွေးနွေးပွဲတွင် ပြောသည်။

အဆိုပါချေးငွေကို ပြည်သူ့လွှတ်တော်သို့တင်ပြပြီးပါက လာမည့် အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ချေးငွေများရယူကာ သမဝါယမ တောင်သူအသင်းသားများအား ထုတ်ချေးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်းဖြင့်လည်း ၎င်းကထပ်လောင်း ပြောကြားလိုက်သည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် တရုတ်ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ အပါအဝင် ချေးငွေများ အသင်းသားများအား ထုတ်ချေးခဲ့ရာ ငွေကျပ် ၁၉၇ ဘီလီယံကို အသင်းပေါင်း ၂၀၀၀၀ ကျော်အား ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ သမဝါယမ ဝန်ကြီးဌာနအနေဖြင့် တောင်သူ အသင်းသားများအား ချေးငွေအတိုးနှုန်းကို ၁ ကျပ် ပြား ၅၀ နှုန်းဖြင့် ချေးပေးနေရာမှ ၁ ကျပ် ၈ ပြားအထိ အတိုးနှုန်းလျှော့ချပြီး ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ချေးငွေရယူထားသော အသင်းသားတောင်သူများ အနေဖြင့် ခြောက်လတစ်ကြိမ် အတိုးအရင်းပြန်ဆပ်ရပြီး ချေးငွေကျေအောင်ဆပ်ပြီးပါက ထပ်မံထုတ်ချေးနိုင်မည်ဖြစ်သည်။ **မောင်နွေသစ်**



# မူလတန်းအဆင့် ဘောလုံးပြိုင်ပွဲကျင်းပ

**သရက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆုဖလား အခြေခံပညာပေါင်းစုံမူလတန်းအဆင့် ဘောလုံးပြိုင်ပွဲ (ကွင်းဖွင့်ပွဲ)ကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက မြောက်မင်းတည်းရပ်ကွက် ဗိုလ်ချုပ်အားကစားကွင်း(ကွက်ပြင်)၌ ကျင်းပသည်။

အဆိုပါ ကွင်းဖွင့်ပွဲတွင် မြို့နယ်အားကစား စွမ်းဆောင်ရှင်များအသင်း နာယက ဦးအေးဝေ(စာရေးဆရာအေးဝေ/သရက်)နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းစုတို့က အမှာစကားပြောကြားသည်။

အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာစေရန်၊ လူငယ်များဘဝမှစတင်၍ စုပေါင်းလုပ်ဆောင်တတ်သော စိတ်ဓာတ်၊ စည်းမျဉ်းစည်းကမ်းများလိုက်နာတတ်သည့် အမူအကျင့်မျှတစွာယှဉ်ပြိုင်ခြင်း၊ အားပေးခြင်းစသည့် အားကစားစိတ်ဓာတ်များ မြင့်တင်ပေးနိုင်ရန်၊ သရက်မြို့နယ်အတွင်းရှိ မီးခဲပြာဖုံး အားကစားသမားများအား ဖော်ထုတ်လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ နိုင်ငံတော်သစ်တည်ထောင်ရာတွင် ကျန်းမာကြံ့ခိုင်သော လူရည်ချွန် လူရည်မွန်များ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆုဖလားဘောလုံးပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)** **ပေါက်ကလေး(သရက်)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

*စာမျက်နှာ ၆ မှ*

ကျန်ရှိသော ကြွေးမြီတစ်ဝက်ကို ၁၅ နှစ်အတွင်း အရစ်ကျ ပြန်လည်ပေးဆပ်ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ဂျာမနီနိုင်ငံသည် ဂျပန်နိုင်ငံပြီးလျှင် ထောက်ပံ့ကူညီမှု ဒုတိယအများဆုံးပေးအပ်လျက်ရှိသည့် နိုင်ငံလည်းဖြစ်သည်။ ဂျာမနီသို့ရောက်ရှိခဲ့ချိန် သမ္မတကြီးသည် Wind Park သို့ သွားရောက်ကာ လေအားလျှပ်စစ်ထုတ်လုပ်နေမှုများကိုလေ့လာပြီး မြန်မာနိုင်ငံ၌ မည်သည့်ဒေသများတွင် လေအားလျှပ်စစ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာကာ လေအားလျှပ်စစ်ထုတ်လုပ်ရေးအစီအစဉ်တစ်ရပ်ရေးဆွဲရန် အတူလိုက်ပါလာသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အသေးစိတ်မှာကြားခဲ့သည်ကိုလည်း တွေ့ရှိရသည်။


ဘာလင်မှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံသို့ ခရီးဆက်ကြမည်ဖြစ်သည်။ ဘာလင်တံတိုင်းကြီး ပြိုကျခဲ့ပြီးနောက် အကွဲကွဲအပြားပြားဖြစ်ခဲ့ရသော အမျိုးသားညီညွတ်ရေးကို ဂျာမနီနိုင်ငံသားများ ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရသော ဖြစ်စဉ်များမှာလည်း စိတ်ဝင်စားစရာကောင်းသလို သင်ခန်းစာယူစရာလည်း ကောင်းလှပေသည်။ ဂျာမနီနိုင်ငံ အင်အားကြီးလာခြင်းမရှိစေရန် ကန့်သတ်ထိန်းချုပ်မှုများအကြားမှ ရုန်းထရှင်သန်လာစေခဲ့သော အခြေခံအကြောင်းတရားမှာ အမျိုးသားညီညွတ်ရေးပင်ဖြစ်သည်။ အယူဝါဒ မတူကွဲပြားမှုကြောင့် နိုင်ငံနှစ်နိုင်ငံကွဲထွက်ခဲ့ရသည်အထိ ပြိုကွဲခဲ့သော ညီညွတ်ရေးကို ဖက်ဒရယ်စနစ်ဖြင့် ပေါင်းစည်းနိုင်ခဲ့ပြီဖြစ်သည်။ ဥရောပသမဂ္ဂတွင် ဗြိတိန်၊ ပြင်သစ်စသည်တို့မှာ နိုင်ငံရေးအရ ဩဇာကြီးမားနေဆဲဖြစ်သော်လည်း ယူရိုငွေကြေးကို ကျားကန်ပေးထားသော ဂျာမနီ၏အခန်းကဏ္ဍမှာ တဖြည်းဖြည်းချင်းကြီးမားလာနေကြောင်း တွေ့ရှိနိုင်သည်။ ဂျာမနီနိုင်ငံသားတို့၏ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ပြင်းထန်မှု၊ စည်းကမ်းရှိမှု၊ အလုပ်ကြိုးစားမှုတို့ကြောင့် ကမ္ဘာ့ဇာတ်ခုံတွင် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ခြင်းလည်းဖြစ်သည်။

ယနေ့တိုင် ချန်ထားရစ်သော ဘာလင်တံတိုင်း အပိုင်းအစအချို့သည် မျိုးဆက်သစ်ဂျာမနီလူငယ်များအား ညီညွတ်ရေးအကြောင်း အသံတိတ်ပြောကြားနေသည်ဟု ဂျာမန်မိတ်ဆွေအချို့က ဆိုကြသည်။ အမျိုးသားညီညွတ်ရေးပြိုကွဲလျှင် ကမ္ဘာ့အလယ်တွင် မည်သည့်အခြေအနေ ဆိုက်ရောက်မည်ကို ဘာလင်တံတိုင်းက ပြောပြနေသည်ဟု ဆိုသည်။ နှစ်နိုင်ငံပေါင်းစည်းလျှင် ဘာလင်ကို တစ်ခုတည်းသော မြို့တော်အဖြစ် သတ်မှတ်ရန် မူလကတည်းကပင် ကြိုတင်ရည်စူးထားခဲ့ကြသည်ဟုလည်း သိရှိရသည်။ ဂျာမနီနိုင်ငံသားများသည် ပထမကမ္ဘာစစ်ကိုဆင်နွှဲခဲ့သလို ဒုတိယကမ္ဘာစစ်ကိုလည်း ဦးဆောင်ဆင်နွှဲခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပွဲအပြီး စစ်ရှုံးနိုင်ငံအဖြစ် ရုန်းကန်ခဲ့ရချိန်တွင် စစ်အေးတိုက်ပွဲကြီးကို ကြုံတွေ့ရင်ဆိုင်ရကာ နိုင်ငံနှစ်ခြမ်းပြန်းပြန်းကွဲခဲ့ရသည်။ ယင်းနောက် စစ်အေးတိုက်ပွဲကို ဘာလင်တံတိုင်းပြိုကျခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့ပြီးနောက် နိုင်ငံတည်ဆောက်ရေးကို တစ်မှပြန်လည်စတင်ခဲ့ရသည်။ ဥရောပရှိ အခြားသောနိုင်ငံများနှင့်မတူခြားနားသော သမိုင်းကြောင်းရာဇဝင်နှင့် အသွင်ကူးပြောင်းမှုများစွာကို ဖြတ်သန်းခဲ့ရသည်။ ဤသို့သော အတွေ့အကြုံများ၊ ဖြတ်သန်းမှုများက သမ္မတကြီး၏ခရီးစဉ်အပေါ် အရိပ်ပမာထင်ဟပ်နေသည်ဟု ခံစားမိသည်။ ကမ္ဘာ့ဇာတ်ခုံပေါ် မကြာခဏတက်လာလိုက်၊ မကြာခဏပြုတ်ကျသွားလိုက်နှင့် အနိမ့်အမြင့် သံသရာကို ကျွမ်းထိုးမှောက်ခုံ ကြုံတွေ့ခဲ့ရသော ဂျာမနီ၊ ဘာလင်တံတိုင်းကို ဖြိုချ၊ တစ်နိုင်ငံတည်း ပေါင်းစည်းလိုက်ကြပြီး ပြင်းပြင်းထန်ထန်ရုန်းကန်လှုပ်ရှားခဲ့သော ဂျာမနီသည် ယနေ့ ၂၁ ရာစုတွင် ဥရောပမှပါဝါကြီးတစ်ခုဖြစ်လာနေပြီဖြစ်သည်။ ဘာလင်တံတိုင်းက ပြောသော အမျိုးသားညီညွတ်ရေးသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအတွက်မမေ့အပ်သော သင်ခန်းစာများပင် ဖြစ်ပါလိမ့်မည်။ ။


## မွေးသက္ကရာဇ်အမှန်

ဦးအောင်လွင်၏သား ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အလက(၃) ပဉ္စမတန်း(ဂ)မှ မောင်မြတ်မင်းသွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၉-၂၀၀၄ရက် ဖြစ်ပါကြောင်း။

**မောင်မြတ်မင်းသွေး**





## အမည်မှန်

ကရင်ပြည်နယ်၊လှိုင်းဘွဲ့မြို့နယ်၊မြိုင်ကြီးငူ၊ ပွင့်ဖြိုးမြိုင်ရပ်ကွက်နေ ဦးမြင့်ဦး၏ သမီး နန်းအိရွှေစင်မင်း၏ အမည်မှန်မှာ နန်းအိရွှေဇင်မင်း ဖြစ်ပါသည်။

**နန်းအိရွှေဇင်မင်း ၃/လဘန(နိုင်)၁၅၈၃၈၀**

## ကျေးဇူးတင်ရှိပါကြောင်း

၁၉-၉-၂၀၁၄ရက်ညတွင် ပျောက်ဆုံးသွားသော ခွေးလေးရှာဖွေရာတွင် ကရုဏာအပြည့်ဖြင့် ကူညီပေးသော Business Alliance Hotel မိသားစုမှ General Manager နှင့် တကွ လုံခြုံရေးဝန်ထမ်းများအားလုံး၊ ဖုန်းနှင့်ဆက်သွယ်ပေးသော အစ်ကိုအား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။ **မောင်ရဲမာန်**



## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ KSY ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖွဲ့ထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထွန်း ၁၂/မဂဒ(နိုင်)၁၀၇၀၃၁ ဖြစ်ပါကြောင်း။



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၂၇၊ မြေကွက်အမှတ်၅၁၅ အမည်ပေါက် ဦးလှကြိုင် GBK-၀၄၄၃၉၇က မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ဓနုဖြူမြို့၊ အထက တက္ကသိုလ်ဝင်တန်း(ဃ)မှ သဉ္ဇာလှိုင်၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁၄/ဓနဖ(နိုင်)၁၀၄၁၄၆ ဖြစ်ပါသည်။

**ဦးစိုးနိုင်**

## အမည်မှန်

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ သီရိဒေါလမ်း၊ န-၈၉/၁ နေ ဦးထွန်းအောင်၏သား ကိုခွေးနီ ၂/လကန(နိုင်) ၀၁၇၇၇၉၏အမည်မှန်မှာ ကိုစောအောင် ဖြစ်ပါကြောင်း။ **ကိုစောအောင်**

## ဖခင်အမည်မှန်

န္တားထိုးကြီးမြို့၊ (အထက) တက္ကသိုလ်ဝင်တန်း(D)မှ မကေဇင်ဦး၏ဖခင်အမည်မှန်မှာ ဦးကျော်မောင်မောင် (ခ)ဦးဘိုမောင် ၉/နထက(နိုင်)၀၄၄၅၉၃ ဖြစ်ပါကြောင်း။

## နယ်လှည့်သစ္စာဓိဋ္ဌာန် စတုဒိသာအလှူတော် (၉၂)ကြိမ်မြောက်အောင်ပွဲ အထူးဓမ္မသဘင်ပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေဝဒဟသဗ္ဗသိဒ္ဓိ လောကနတ်ပရဟိတနတ်စင်တစ်ရာကျောင်း နယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ သီရိပျံချီဦးဌေးဦး-ဒေါ်နီနီဝင်းမိသားစုနှင့် သစ္စာဓိဋ္ဌာန် ပင်မစတုဒိသာအလှူရှင်များ ခုနစ်ရက်သားသမီးများပေါင်းစု၍ အထူးဓမ္မသဘင်ပူဇော်ပွဲကြီးကို ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ဟောကြားမည့်ဆရာတော်** - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

**ဟောကြားမည့်ရက်/အချိန်** - (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်)၊ ၂၈-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီ

**ဟောကြားမည့်နေရာ/ဌာန** - ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒေဝဒဟသဗ္ဗသိဒ္ဓိလောကနတ် ပရဟိတနယ်လှည့်သစ္စာဓိဋ္ဌာန် စတုဒိသာ နတ်စင်တစ်ရာကျောင်းတိုက်

**ကြိုဆိုရေး** - မီးပွိုင့်၊ ရေနံဂိတ်ဝမှတ်တိုင်၊ နတ်စင်တစ်ရာကျောင်းတိုက်သို့ ညနေ ၆ နာရီ

- သန်လျင်ဈေးမှ နတ်စင်တစ်ရာကျောင်းတိုက်သို့ ညနေ ၆ နာရီ
- ကျောက်တန်းမြို့မှ နတ်စင်တစ်ရာကျောင်းတိုက်သို့ ညနေ ၆ နာရီ

ကြိုပို့စီစဉ်ထားပါသည်။ မည်သူမဆို ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပူဇော်လှူဒါန်းနိုင်ပါသည်။

နယ်လှည့်သစ္စာဓိဋ္ဌာန် ပင်မစတုဒိသာအလှူကို ပထမအကြိမ်မှ စတင်လှူဒါန်းခဲ့ဖူးသော အလှူရှင်များနှင့် ခုနစ်ရက်သားသမီးများအား စတုဒိသာ (၉၂)ကြိမ်မြောက်အောင်ပွဲနှင့် ဇလွန်မြို့ မာန်အောင်မြင်ပြည်တော်ပြန်ဘုရားတွင် လှူဒါန်းမည်ဖြစ်သော (၉၃)ကြိမ်မြောက် စတုဒိသာပွဲ အကြိုအဖြစ် ကျင်းပသော ဓမ္မသဘင်တရားပွဲသို့ ကြွရောက်ပါရန် အထူးဖိတ်ကြားအပ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဦးခင်မောင်အေး၏သား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ ခွန်နောင်ထွန်းအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၅-၁၉၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဟန်ညီညီထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်စိုး ၉/ပမန(နိုင်)၁၆၉၇၂၉ ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်စိုး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၇)၊ နဝမတန်း(B)မှ မင်းဖြိုးမင်းဟန်၏ ဖခင်အမည်မှာ မင်းအောင်နိုင် ၃/ဘအန(နိုင်)၀၉၃၁၉၂ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ၊ မြတ်လေးမြိုင်ရပ်ကွက်နေ ဦးမိုးကျော်၏သမီး နန်းမိုးသီတာကျော်၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၃-၁၉၉၃) ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ၊ စုံဝဏ္ဏာမြိုင်ရပ်ကွက်နေ ဦးဖားနို့၏သမီး နော်ဒီဒီအေး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၆-၁၉၉၂) ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ၊ မြတ်လေးမြိုင်ရပ်ကွက်နေ ဦးစန္ဒော၏သမီး နော်ခင်စန်းမော်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၂-၁၉၉၈) ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဈေးကွက်အတွင်းရောင်းအားကောင်းလာသည့် ချယ်ရီပန်းသီး

**ရန်ကုန် စက်တင်ဘာ ၂၃**

ယခုရက်ပိုင်းအတွင်း သစ်သီးအရောင်းဆိုင်များတွင် တရုတ်ဆီးသီးစိမ်းများအရွယ် နီညိုရောင်အကြားစပ်ပန်းသီးသေးသေးလေးများကို တွေ့လာရသည်။ ဆိုင်များပေါ်၌သာမက အထမ်းသည်များကလည်း ရပ်ကွက်အတွင်းလှည့်လည်၍ အော်ရောင်းနေကြသည်လည်း တွေ့နေရသည်။

"ချယ်ရီပန်းသီး" ဟုအမည်ပေးထားသည့် သည်အမည်ဆန်းကိုလည်း မူဆယ်ဘက်တရုတ်ကုန်သည်များက မှည့်ခေါ်ခြင်း ဖြစ်သည်ဟု ရောင်းသူတို့ကဆိုသည်။

အရွယ်အစားခွဲ၍ ၃၀ ကျပ်သားကိုငွေကျပ် ၁၀၀၀၊ ၄၀ ကျပ်သားကိုငွေကျပ် ၁၀၀၀၊ အသေးဆုံးအလုံးလေးများဆိုပါက ၃၀ ကျပ်သားကိုငွေကျပ် ၅၀၀ ဈေးခေါ်ရောင်းနေကြသည်။ ဆိုင်တိုင်းတွင် ဝယ်သူမပြတ်ရှိနေသည်။ ရောင်းအားအလွန်ကောင်းသည်ဟုဆိုသည်။ ယခုနှစ်အတွက် ဆန်းသစ်သော အသီးတစ်မျိုးဖြစ်လာသည်။

ဈေးကွက်အတွင်း ရှိပြီးသား တရုတ်ပန်းသီးများထက် အချဉ်ဓာတ်ဘက်နည်းနည်းပိုသော အရသာရှိသည်။ အလုံးကြီးပါက ၃၀ သားဝယ်လျှင် အလုံးခုနစ်လုံးမှ ရှစ်လုံးအထိ သာရတတ်သည်။

မဟာဗန္ဓုလ လမ်းတစ်လျှောက် မဟာဗန္ဓုလပန်းခြံလမ်းဆုံမှ လမ်း ၄၀ အထိ ချယ်ရီပန်းသီးရောင်း သောအထမ်းသည်များကိုပါ အစီအရီ တွေ့ရသည်။ ၃၅ လမ်းထိပ်မှ အထမ်းဖြင့် ရောင်းသူတစ်ဦးက "ဒီအသီးဝင်လာတာ ၁၀ ရက်လောက်ပဲရှိသေးတယ်၊ အကြာကြီးလည်းမဝင်တတ်ဘူး၊ နောက်တစ်ပတ်လောက်နေ ပျောက်သွားလိမ့်မယ်" ဟု ဆိုသည်။

ရန်ကုန် သီရိမင်္ဂလာဈေးကြီးအတွင်းသို့ မူဆယ်လမ်းကြောင်းမှ ယခုရက်ပိုင်းအတွင်း နေ့စဉ်အဝင်ရှိနေသည်ဟု သိရသည်။ ၁၅ပိဿာခန့်ဝင်ဆံ့သော ပလတ်စတစ်လေးထောင့်ပုံသဏ္ဌာန် ခြင်းများဖြင့်ဝင်လာခြင်းဖြစ်ပြီး တစ်ခြင်းလျှင် ငွေကျပ် ၂၅၀၀၀၊ ၃၀၀၀၀ ဝန်းကျင်ဈေးရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

တရုတ်ပန်းသီး (အဝါသီး) မှာ ငွေကျပ် ၁၀၀၀လျှင်ငါးလုံး၊ ခြောက်လုံးဖြစ်ပြီး၊ အကျွတ်သီး (အနီသီး)မှာ ငွေကျပ် ၁၀၀၀ လျှင် လေးလုံးမှ ငါးလုံးဖြစ်ကြောင်း သိရသည်။ မကြာမီ သီတင်းကျွတ်လဆန်း၌ ကန်တော့ပွဲအမီ တရုတ်ပန်းသီး၊ အနီသီးကြီးများ ဝင်လာတော့မည်ဖြစ်ပြီး ပျားလိမ္မော်သီးများလည်း ရှေ့ဆင့်နောက်ဆင့် ဝင်လာတော့မည်ဖြစ်ကြောင်း သစ်သီးဈေးကွက်သတင်းများအရ သိရပါသည်။



**သတင်း-အဝယ်တော်ဖိုးထော်**
**ဓာတ်ပုံ-ကိုကြီးတင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၉-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၃ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၈၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၇၅-၄၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၅၀-၁၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၂၇၅-၁၂၈၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၃၈၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၁၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဧဒ္ဒင္ဝတင်ပြသည်။

# သီပေါ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**သီပေါ စက်တင်ဘာ ၂၃**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ ကြီးကြပ်မှုဖြင့် စခန်းမှူး ဒုရဲမှူးသိန်းလှိုင်ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်ရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းရေးဆောင်ရွက်ကြသည်။

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနတွင်ပါဝင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး ဦးဆောင်သောဝန်ထမ်းများ၊ အကျဉ်းဦးစီးဌာနထောင်မှူး၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့သန့်ရှင်းသာယာလှပရေးကို ရည်ရွယ်လျက် နှစ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ်ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။**(ယာပုံ)**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌဦးခင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်းသိရသည်။ **စိုင်း(သီပေါ)**




## ရုံးသုံးမော်တော်ယာဉ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မော်တော်ယာဉ်တစ်စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**SURF (OR) PARADO (Diesel) (၁)စီး**

၂။ အိတ်ဖွင့်တင်ဒါများကို ၂-၁၀-၂၀၁၄ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်းပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး**
**စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၁၅၂**

## သက်ဆိုင်သူနှင့်အများသိစေရန်

ချစ်ကမ္ဘာမွေ့ရာဆိုင်ပိုင်ရှင် ကွယ်လွန်သူ မဟောမာန်ဦး ၁/မကန(နိုင်)၀၇၇၃၅၅ ခရီးသွားနေစဉ်ကာလအတွင်း ပစ္စည်းရောင်းချရာတွင်ယုံကြည်မှုအပြည့်ဖြင့်အပ်နှံခဲ့သော မသင်းသင်းအောင် ၁၂/အစန(နိုင်)၁၈၃၄၁၀ သည် ၁၅-၉-၂၀၁၄ ရက်တွင် ဘောက်ချာအမှတ် ၉/၈၁၇/၈၁၈ ဖြင့် ဝယ်ယူသွားသော ပစ္စည်းမျိုးစုံအပေါ်မှ စာရင်းလိမ်လည်သည်ဟု ယူဆရသောငွေ ၇၉၀၀၀၀ ကွာဟမှုကို ပိုင်ရှင်ဖြစ်သူကွယ်လွန်သူ ၏နှင့် ဝယ်ယူသူ ဦးရဲမော်၊ ကိုကျော်စိုးနိုင်တို့နှစ်ဦးအနက် မည်သည့်ဘက်မှ ဆုံးရှုံးမှုဖြစ်နေသည်ကို သေချာရန် ချစ်ကမ္ဘာမွေ့ရာဆိုင်သို့ ဘောက်ချာယူဆောင်ကာ အမြန်ဆုံးလာရောက်ဖြေရှင်းနိုင်ရန် အကြောင်းကြားကြေညာအပ်ပါသည်။မသင်းသင်းအောင်ကို ချစ်ကမ္ဘာမွေ့ရာဆိုင်တွင် စာရင်းမျိုးစုံကွာဟမှုများ၊ သက်သေအထောက်အထားများနှင့် ပေါ်ပေါက်ခဲ့ပါသဖြင့် ၁၉-၉-၂၀၁၄ ရက်မှာ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ပါသဖြင့် ၎င်းနှင့်သက်ဆိုင်မှုမရှိတော့ပါ။ ချစ်ကမ္ဘာမွေ့ရာဆိုင်နှင့်လည်း ပတ်သက်မှုမရှိတော့ပါ။ ၎င်းသည် ချစ်ကမ္ဘာမွေ့ရာဆိုင်အမည်ဖြင့် အလွဲသုံးစားပြုလုပ်သော၊ ပြောဆိုသောလုပ်ဆောင်ချက်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ချစ်ကမ္ဘာမွေ့ရာဆိုင်မှ**
**ဒေါ်ဟောမာန်ဦး ၁/မကန(နိုင်)၀၇၇၃၅၅**
**အမှတ်(၄၄)၊ ပင်လုံလမ်း၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

ဖူးပွင့်စကြာပန်းကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **Admin Supervisor** - မ - အသက်(၂၀)မှ(၃၀)ဝန်းကျင် - (၂)ဦး ဘွဲ့ရ၊ Computer ကျွမ်းကျင်သူ၊ Internet & E-mail, Myanmar & English Typing (Microsoft Word, Excel, Pagemaker)

(၂) **Sales & Marketing Supervisor**- ကျား/မ- အသက်(၂၀)မှ(၂၅)နှစ်ဝန်းကျင်-(၄)ဦး ဘွဲ့ရ(သို့)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အပြောအဆိုပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ Passport ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာမိတ္တူနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်- Lotus Blossom Co., Ltd. အမှတ် ၂၃၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၇၇၇၉၊ ၀၉-၃၁၂၉၄၄၆၆**

## တင်ဒါပယ်ဖျက်ကြောင်းကြေညာခြင်း

၈-၉-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာပါ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဝယ်ယူရေး တင်ဒါအားလုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၃-၂၃၀၅၃၊ ၂၅၈၈၆**

## စိတ်နှလုံးဖြူ မေတ္တာတူ လူကုန်ကူးခံရသူ လက်တွဲကူ

## နှစ်(၃၀)ပြည့် မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးအေးချို (ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း-ငြိမ်း)-ချစ်သောမေမေဒေါ်ကြည်ကြည်မြင့် (ကြည်ရတနာ)တို့၏ ၂၄-၉-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည် မြတ်နိုးနှစ်သက်ပါရမီဖြည့်လျက် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစွာဖြင့် ချစ်သောမိသားစုနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သားကြီး - ကိုစိန်မြင့်ထွန်း-မနန္ဒာရတနာအေး**
**ချစ်သားငယ် - မောင်ဟန်ထွန်းအောင်**
**ချစ်မြေး - မောင်သန့်သီဟထွန်း**

## အများသိစေရန်

ဦးဝင်းနိုင်(ခ)ကိုပုတု ၁၂/ဥကမ(နိုင်)၀၈၁၈၄၀ သည် ဇနီးသည် ခွင့်မလွှတ်နိုင်သောအမှားကိုကျူးလွန်ပြီး နေအိမ်မှ ၎င်းဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**သက်သက်မြင့်**
**၁၀/ကထန(နိုင်)၀၇၀၂၁၁**

ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ဘိုးတွားပိုင်မြေတစ်ကေပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊
အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE
ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း
ငလျှင်ဒဏ်ကိုရစ်ချက်တာစကေး အနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန်
စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည်ဖြစ်သဖြင့် အလွန်စိတ်ချရသောရင်းနှီးမြှုပ်နှံမှု
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
• ကမ္ဘာ့အေးတုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ) • တမူထူးခြားဆန်းပြားသော ဒီဇိုင်းနှင့်
မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
DUPLEX SYSTEM
MAIN DOOR FINGER PRINT ACCESS SYSTEM
• 24/7
CAR PARKING များ
• INTERNATIONAL
1st Prize
2nd Prize
3rd Prize
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ခုနှစ်
ဖေဖော်ဝါရီလ (၁၂)ရက်နေ့
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2105 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4350 - 5400 Sqft
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

## ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ထပ်မံထုတ်ချေးရေးလုပ်ငန်း ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၃**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် China EXIM Bank ချေးငွေထုတ်ချေးပေးရေးလုပ်ငန်း ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီကမုံရွာမြို့ မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းတက်ရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို သမဝါယမအသင်း ၁၀ သင်းသို့ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က China EXIM Bank ချေးငွေပထမအကြိမ် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကို အတိုးနှုန်း ၁၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုအကြိမ်ထုတ်ချေးမည့် အမေရိကန်ဒေါ်လာသန်း ၃၀၀ တွင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းသို့ လျှော့ချပေးရန် စီစဉ်ထားရှိကြောင်း၊ အသင်းသားတောင်သူလယ်သမားများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အသင်းသားများကလည်း တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် ရိုးသား၊ ကြိုးစား၊ စေတနာကို တုံ့ပြန်သွားကြရန်လိုကြောင်း၊ အသင်းသားများအနေဖြင့်လည်းပွင့်ပွင့်လင်းလင်းဖြင့် သဘောဆန္ဒပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသော သမဝါယမအသင်းများကလည်း အတိုးနှုန်းလျှော့ချပေးမည်ကိုသိရသဖြင့် မိမိတို့အတွက် များစွာအကျိုးရှိကြောင်း ရင်းနှီးချေးငွေမှာ အမှန်တကယ်လိုအပ်နေသဖြင့် အတိုးနှုန်းလျှော့ချပေးသည့်အပြင် ယခုထက်တိုးမြှင့်ထုတ်ချေးပေးရန် လိုလားလျက်ရှိကြသည်ဟု ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မဲဇာချောင်းရေကြီးရေလျှံခြင်းဖြစ်ပေါ်မှုကြောင့် အလယ်ဆိပ်နှင့် ပင်သချေပေါင်းကူးတံတားရေထဲမျောပါ

**အင်းတော် စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာခရိုင် အင်းတော်မြို့နယ်အတွင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခန့်က မဲဇာချောင်း ရေကြီးရေလျှံခြင်း ဖြစ်ပေါ်ကာ အလယ်ဆိပ်ရွာနှင့် ပင်သချေရွာအကြားတွင်ရှိသော မဲဇာချောင်းပေါင်းကူးသစ်သားတံတားကြီးသည် ရေထဲမျောပါသွားကြောင်း သိရသည်။

အဆိုပါတံတားကြီးသည် ၂၀၁၁ ခုနှစ်တွင် ပင်သချေကျေးရွာ ဒေသခံပြည်သူများနှင့် ရဟန်းသံဃာတော်များ ဦးဆောင်မှုဖြင့် အလျား ပေ ၅၀၀၊ အနံ ၁၂ ပေ၊ အမြင့် ၁၅ ပေရှိ တံတားကြီးကို သစ်သားတိုင်များဖြင့် ဆောက်လုပ်ကာ ခင်းကြမ်းများကိုလည်း ပျဉ်များဖြင့်ပြုလုပ်ထားသော တံတားကြီးဖြစ်သည်။ ယင်းတံတားကြီးကို မဲဇာချောင်းတစ်ဖက်ကမ်းတွင်ရှိသော ပင်သချေကျေးရွာ၊ မန်ကျည်းပင်ကျေးရွာ၊ ပိန္နဲပင်ကျေးရွာ၊ တုံစည်ကျေးရွာ၊ သစ်လှတောကျေးရွာ၊ နတ်ရေတွင်းကျေးရွာများရှိ ဒေသခံပြည်သူများသည် ၎င်းတံတားကြီးကို လမ်းပန်းဆက်သွယ်ရေးအနေဖြင့် အားထားသွားလာနေကြသော တံတားကြီးဖြစ်သည်။ တံတားကြီး ရေထဲမျောပါသွားသည့်အတွက်ကြောင့် ယင်းဒေသခံပြည်သူများသည် စက်လှေများဖြင့် ယခုအခါ သွားလာနေကြပြီဖြစ်သည်။ တံတားကြီးမရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း သိရသည်။

"တံတားကြီးရေမမျောခင်က လမ်းပန်းဆက်သွယ်ရေးတွေ အတော်လေး လွယ်ကူပါတယ်။ ဘာကြောင့်လဲဆိုတော့ တံတားကြီးရှိစဉ်က နေ့နေ့ညည ဆိုင်ကယ်တွေနဲ့ သွားလာလို့ရသလို ခြေကျင်လည်း သွားလာလို့ရတယ်။ အခုရက်ပိုင်းမှာတော့ ညရေးညတာ သွားလာရေးတွေ မလွယ်ကူတော့ဘူး၊ စက်လှေကိုသာ အားကိုးသွားလာရတဲ့အချိန်ဖြစ်လို့ပါ" ဟု အင်းတော်မြို့နယ် မဲဇာကျေးရွာ အမှတ်(၆) ရပ်ကွက်မှ ဦးလှထွန်းက ပြောကြားခဲ့သည်။

အင်းတော်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသည့် မဲဇာချောင်းပေါင်းကူးတံတားကြီးမှာ ရေထဲမျောပါသွားသည့်အတွက်ကြောင့် တံတားကြီးရှိစဉ်ကလို လမ်းပန်းဆက်သွယ်သွားလာရေးများ လွယ်ကူမှုမရှိကြတော့ပေ။ သို့သော် ဒေသခံပြည်သူများသည် တံတားကြီးမရှိပင်ငြားသော်လည်း စက်လှေတစ်စင်းကို လှေကူးတို့တစ်ခုထားရှိကာ သွားလာနေကြရကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## သံဃာ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများဖြင့် အခမဲ့လာရောက်ကုသနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ရှိ အမှတ်(၁) မြို့မဈေးကြီးအနီးရှိ သံဃဘေသဇ္ဇဌာနဝိဟာရ(သံဃာ့ဆေးရုံ)တွင် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအနေဖြင့် ခွဲစိတ်၊ အရိုးနှင့် အထွေထွေရောဂါများအတွက် အထူးကုဆရာဝန်ကြီးများနှင့် အခမဲ့လာရောက်ကုသနိုင်ကြောင်း သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ကြေညာထားကြောင်း သိရသည်။ လာရောက်ပြသနိုင်သည့်နေ့ရက်များမှာ အပတ်စဉ် အင်္ဂါနေ့တိုင်း နံနက် ၁၀ နာရီမှမွန်းတည့် ၁၂ နာရီအထိ ခွဲစိတ်ကုသဆရာဝန်ကြီး ဒေါက်တာ မြင့်နိုင်နှင့်လည်းကောင်း၊ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၁၀ နာရီမှမွန်းတည့် ၁၂ နာရီအထိ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာစက်မြင့်နှင့်လည်းကောင်း၊ အပတ်စဉ်သောကြာနေ့တိုင်းနံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထွေထွေ ရောဂါကုသမားတော် ဒေါက်တာမြတ်မြတ်ကြွယ်နှင့်လည်းကောင်း၊ အခမဲ့လာရောက်ဆေးဝါးကုသနိုင်ကြောင်း ပြင်ပလူနာဌာန OPD တွင် ပိတ်ရက်မရှိဘဲ နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၂ နာရီမှ ၄ နာရီအထိ တစ်ကြိမ် အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးကျော်**

### ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## အရဏ်ဆွမ်းလောင်းလှူရန် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်(၁၄၇)လမ်း မိသားစု သံဃာ့ဒါနဆွမ်းလောင်းအသင်းသို့ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက လမ်းမိသားစုအလှူရှင်တို့က တော်သလင်းလကွယ်နေ့ စက်တင်ဘာ ၂၃ ရက် နံနက်အရဏ် ဆွမ်း ဆွမ်းအသင်းများ လောင်းလှူရန် ငွေကျပ် ၅၄၅၀၀ ကို လှူဒါန်းကြသည်။ (၁၄၇)လမ်းမိသားစု သံဃာ့ဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ လစဉ် လပြည့်နေ့၊ လကွယ်နေ့၊အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက်တိုင်း တာမွေမြို့နယ်ရှိ စာသင်တိုက်ကြီးများမှ ကြွရောက်တော်မူလာကြသည့် သံဃာတော်အပါး ၂၀၀ ကျော်တို့အား အရဏ်ဆွမ်း၊ ဆွမ်းဟင်းများကို ဝါတွင်းဝါပ၊ တစ်နှစ်ပတ်လုံး နှစ်စဉ်မပျက် လောင်းလှူလျက်ရှိကြောင်း သိရသည်။

**ကိုချစ်**

## ချယ်ရီမြေဘိုးဘွားရိပ်သာ နှစ်ပတ်လည်ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၃**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရားကြီးအနီးတွင် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုအဘိုးအဘွားများအားစောင့်ရှောက်ရန် ချယ်ရီမြေဘိုးဘွားရိပ်သာကို ၂၀၀၁ ခုနှစ် အောက်တိုဘာ ၁ ရက် နိုင်ငံတကာသက်ကြီးရွယ်အိုများနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ချယ်ရီမြေဘိုးဘွားရိပ်သာတွင် အသက်(၇၀)ပြည့်ပြီး သားသမီးမရှိသော ဘိုးဘွားများ၊ သားသမီးရှိသော်လည်း ကျွေးမွေးစောင့်ရှောက်ပြုစုခြင်းမခံရသည့် ခိုကိုးရာမဲ့ဘိုးဘွားများကို လူမှုစောင့်ရှောက်ရေးအဖွဲ့အဖြစ် တာဝန်ယူစောင့်ရှောက်လာခဲ့ရာ ယခုနှစ်တွင် (၁၃)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

(၁၃)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၄ခု အောက်တိုဘာ ၄ရက် စနေနေ့တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် ဆရာတော်သံဃာတော်များအား အရဏ်ဆွမ်းကပ်လှူခြင်း၊ ဘိုးဘွားများကို ကန်တော့ခြင်းနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးခြင်းအစီအစဉ်များပါရှိမည်ဖြစ်သောကြောင့် စေတနာရှင်ကုသိုလ်ရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ချယ်ရီမြေဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအမှုဆောင်ကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၃**

အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ရက် နံနက် ၉ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့ခေတ္တပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မွန်ပြည်နယ် ၁၀မြို့နယ်ရှိ တပ်ဖွဲ့ဝင်အရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၂၅ ဦးတို့က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၏ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ခေတ္တပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကျော်ဦးနှင့် ပြည်နယ်အဆင့်ရဲအရာရှိများ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးသန်းတင်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်း၊ မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၁)၊ ဦးပိုင်အမှတ်(၉၅)၊ ရွှေဝါထွန်း×ဇလပ်ဝါကြား၊ ၆၁×၆၂လမ်းရှိ ဦးစိုးလှိုင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ငွက်ထော် ၉/မရတ(နိုင်)၀၉၅၂၇၁မှ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၄၂)၊ ၇၂×၇၀လမ်း၊ ရွှေဝါထွန်း×ဇလပ်ဝါလမ်းကြားရှိ ဒေါ်စန်းမြင့် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်း ၉/မမန(နိုင်)၁၅၀၃၈၆မှ ဦးပိုင် ၄၂(ခဲစင်း)အနောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၄)၊ ၅၅×၅၆ လမ်း၊ ဂန္ဓမာလမ်းနှင့် သံလမ်းကြားရှိ ဦးပိုင်အမှတ်(၄/ခ-၁)မြေကွက်သည် ဦးကျော်လွင်အမည်ချထားပေးသော မြေကွက်နှင့် ဦးပိုင်အမှတ်(၄/ခ-၂)မြေကွက်သည် ဒေါ်သန်းသန်းဦးအမည်ဖြင့် ချထားပေးသောမြေကွက်တို့အား ဒေါ်ခင်စိန် ၉/မရမ(နိုင်)၀၅၉၈၃၇ မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ယ/၉၉၅၄၀ Honda Dream ND, 125 m ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးစန္ဒာ ၆/ရဖန(နိုင်)၀၃၂၉၆၂၊ ၂၃ယ/၉၀၅၈၉ Honda Dream ND 125 m, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒွတ် ၆/ရဖန(နိုင်) ၀၅၁၃၄၁၊ ၂၆ယ/၈၁၅၄၆ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆောင်း ၆/ရဖန(နိုင်)၀၃၉၉၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်ဦးပိုင်အမှတ် (၈၄က)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ ဦးမောင်မောင်(ပါ-၁)အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်တင်တင်စိုး(ပါ-၃) ၉/ပမန(နိုင်)၀၄၂၃၇၅ (ဘ)ဦးမောင်မောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မသက်ဆိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ဈေးကန်ရပ်နေ ဦးမောင်မောင်အေး-ဒေါ်ကရင်မ(ခ)ဒေါ်တင်တင်အေး၏သား ဖိုးသား(ခ)အေးနောင်နောင် ၅/စကန(နိုင်)၁၇၂၀၀၉သည် ခွင့်မလွတ်နိုင်သည့်ကိစ္စပြုလုပ်ပြီး ငွေများယူဆောင်သွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝင်းဝင်းသူ**
**၉/ပကခ(နိုင်)၀၀၇၅၂၀**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင်အမှတ်(၃)၊ ရွှေဝါထွန်း×ဇလပ်ဝါကြား၊ ၆၁×၆၂လမ်းရှိ ဒေါ်အေးကြည်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးခင်မောင်ဆန်း ၉/မရတ(နိုင်)၀၉၅၆၉၆မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ဒိုက်ဦးမြို့နယ်၊ အမှတ်(၂)ကုန်သည်ရပ်ကွက်၊ ကုန်သည်လမ်း၊ အကွက်အမှတ်(၃)၊ ကုန်သည်ရပ်၊ ဦးပိုင်အမှတ်(၉၂ခ+၉၃ခ) ဧရိယာဧကေ ၀ဒသမ ၁၃၀၀ဧကကို ဦးသိန်းမြင့်(ဘ) ဦးကျော်ငြိမ်း ၇/ဒဥန(နိုင်)၀၂၂၂၁၁ကလည်းကောင်း၊ ဒိုက်ဦးမြို့နယ်၊ အမှတ်(၂)ကုန်သည်ရပ်ကွက်၊ ကုန်သည်လမ်း၊ အကွက်အမှတ်(၃)၊ ကုန်သည်ရပ်၊ ဦးပိုင်အမှတ်(၉၂င)၊ ဧရိယာ ၀ဒသမ ၀၄၈၄ဧကကို ဦးသိန်းမြင့် (ဘ) ဦးကျော်ငြိမ်း ၇/ဒဥန(နိုင်)၀၂၂၂၁၁ကလည်းကောင်း၊ ဂရန်သစ်လျှောက်ထားပြီး ဒိုက်ဦးမြို့နယ်၊ အမှတ်(၂)ကုန်သည်ရပ်ကွက်၊ ကုန်သည်လမ်း၊ အကွက်အမှတ်(၃)၊ ကုန်သည်ရပ်၊ ဦးပိုင်အမှတ်(၉၂ဃ)၊ ဧရိယာ ၀ဒသမ ၀၈၆၃ဧကကို ဦးသိန်းမြင့် (ဘ)ဦးကျော်ငြိမ်း ၇/ဒဥန(နိုင်)၀၂၂၂၁၁ကလည်းကောင်း ဂရန်အမည်ပြောင်းလျှောက်ထားပါသဖြင့် ခုနစ်ရက်အတွင်း သက်သေအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အုပ်ချုပ်ရေးမှူး၊ ပဲခူးခရိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၅၈၊ မြေကွက်တည်နေရာအမှတ် ၂၅၈၊ ကောလိယလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ခင်ကြည်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်ခင်ကြည်)နှင့်ဖခင်(ဦးချစ်မြိုင်)တို့ ကွယ်လွန်သဖြင့် ဦးမြင့်ဝေ ၁၂/ဥကတ(နိုင်)၁၂၁၇၄၅ နှင့် ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်) ၁၂၂၈၀၄တို့က သားသမီးအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၈၃(၃၀-၅-၁၄)ဖြင့်လွှဲအပ်ခံရသူ GP ဦးမြင့်သူ ၁၄/မမန(နိုင်)၀၁၁၉၉၉က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈၅၈၈(၁၄-၈-၁၄)ကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကျွဲ၊ နွားများ တရားမဝင်သယ်ဆောင်လာသော စက်လှေနှစ်စင်း ဖမ်းဆီးရမိ

**ကွမ်းခြံကုန်း စက်တင်ဘာ ၂၃**

ကွမ်းခြံကုန်းမြို့နယ် တော်ကူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်လှေနှစ်စင်းကို တိုးမြစ်အတွင်း စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီခန့်က မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် ခေါ်ယူ စစ်ဆေးခဲ့ရာ ၎င်းစက်လှေများပေါ်ပါသူများမှာ မြစ်အတွင်းသို့ ခုန်ဆင်းထွက်ပြေးသွားခဲ့ကြောင်း၊ စက်လှေနှစ်စင်းကို ဆိပ်ကြီးအနောက်ကျေးရွာ ကမ်းစပ်သို့ ဆွဲယူစစ်ဆေးခဲ့ရာ ကျွဲ၊ နွားများကို တွေ့ရှိသဖြင့် ကမ်းပေါ်သို့ မောင်းနှင်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက်ကမ်းပေါ်၌ အလျားပေ ၄၀၊ အနံ ၁၀ ပေ၊ စောက်ခြောက်ပေရှိ စက်တပ်ရေယာဉ်နှစ်စင်း၊ နွားမ သားပေါက်နှင့်တွဲလျက် ခြောက်ကောင်၊ နွားမငါးကောင်၊ နွားထီးရှစ်ကောင်၊ ကျွဲ ၁၄ ကောင်၊ နွားသေနှစ်ကောင် စုစုပေါင်း ၃၅ ကောင်တို့ကို တွေ့ရသဖြင့် စုံစမ်းဆောင်ရွက်ခဲ့ရာ ၎င်းကျွဲ၊ နွားများကို ဧရာဝတီတိုင်းဒေသကြီးနေ အောင်ကြီး (၂၉ နှစ်)ပါ ၁၀ ဦး(စုံစမ်းဆဲ) တို့က တရားမဝင် သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး သယ်ဆောင်လာသည့်ကျွဲများမှာ ၁၄ ကောင်မဟုတ်ဘဲ အကောင် ၂၀ ရှိကြောင်း စုံစမ်းသိရှိရသဖြင့် လိုက်လံရှာဖွေရာ တိုးမြစ်အနီး လမုတောအတွင်းမှ ကျွဲအရှင်ငါးကောင်နှင့် အသေတစ်ကောင် တို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျွဲ၊ နွားများကို တရားမဝင်သယ်ဆောင်ခဲ့သူ အောင်ကြီးပါ ၁၀ ဦး (စုံစမ်းဆဲ)တို့ကို ကွမ်းခြံကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# ပင်လည်ဘူး၌ ဘိန်းမည်းများသိမ်းဆည်းရမိ

**ပင်လည်ဘူး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာတွင် ဘိန်းမည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၏မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြင့် ဖော်ထုတ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ ပင်လည်ဘူးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်ဇော်ကျော်နှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကင်းပန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ဇော်ဝင်း၏ သတင်းပေးချက်အရ ကျေးရွာအတွင်းသို့ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းရရှိ၍ ပင်လည်ဘူးမြို့မရဲစခန်း၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာရှိ ကင်းပန်းကျေးရွာသို့ သက်သေများနှင့်အတူ သွားရောက်ခဲ့ကြသည်။

ကင်းပန်းကျေးရွာသို့ရောက်ရှိပြီး မသင်္ကာသူအား စစ်ဆေးခဲ့ရာ ပင်လည်ဘူးမြို့နယ် မိချောင်းအင်းကျေးရွာနေ ဇော်ထူး(၃၄နှစ်) ဖြစ်ပြီး ၎င်းအား စစ်ဆေးရှာဖွေရာ ကိုယ်ပေါ်တွင်မည်သည့်ပစ္စည်းမျှ မတွေ့ရှိရသော်လည်း ၎င်းစီးလာသည့်ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး ၄၀၈ ဒသမ ၂၄ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၁၂၂၄၇၂၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှာဖွေပုံစံဖြင့်စနစ်တကျ ရေးသွင်းသိမ်းဆည်းခဲ့ပြီး ဒုရဲအုပ် ဇော်ဇော်ကျော်က တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဘိန်းမည်းများနှင့်အတူတွေ့ရှိသူ ဇော်ထူးကို ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်ပြီး ရဲအုပ်မြသောင်းက အမှုကို စစ်ဆေးခဲ့ရာ ဇော်ထူး၏ ထွက်ဆိုချက်အရ အဆိုပါဘိန်းမည်းများကို ဩဂုတ် ၂၉ ရက် ညနေပိုင်းက ပင်လည်ဘူးမြို့နယ် မန္တကျေးရွာနှင့် မြသီတာကျေးရွာအကြား အင်တိုင်းတောအတွင်း နယ်လှည့်ရောင်းချသူ တင်ဝင်း(၄၀နှစ်)ထံမှ ရောင်းချရန်နှင့်သုံးစွဲရန် ဝယ်ယူခဲ့ပြီး ဆိုင်ကယ်ဖြင့်ယူဆောင်လာစဉ် သိမ်းဆည်းခံရခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# လူကုန်ကူးသူများ မူဆယ်၌ခေတ္တတည်းခိုစဉ် အမျိုးသမီးတစ်ဦး ထွက်ပြေးလွတ်မြောက်လာ

**နေပြည်တော် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မှ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးကို ပြင်ဦးလွင်တွင် အိမ်ဖော်အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံ ရွှေလီမြို့သို့ ပို့ဆောင်ကာ ရောင်းစားရန် ဆောင်ရွက်ကြသော ဖော်ဦးပါလေးဦးတို့ကို စက်တင်ဘာ ၁၄ ရက်က မူဆယ်မြို့မရဲစခန်းမှ လူကုန်ကူးမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းဘူးမြို့မှ အသက် ၂၀ အရွယ် မ----သည် လွန်ခဲ့သော ၁၀ ရက်ခန့်က မင်းဘူးမြို့ တမာတန်းရပ်ကွက်နေ ပန်းရန်ဆရာ ဖော်ဦး(ခ)အောင်ဖော်ဦးထံတွင် ပန်းရန်အလုပ်သမအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ သုံးလေးရက်ခန့်အကြာတွင် ဖော်ဦး၏ဇနီး မိုးမိုးခင်က ပြင်ဦးလွင်တွင် အိမ်ဖော်အလုပ်လုပ်ရမည်။ တစ်လငွေကျပ်ကိုးသောင်းရရှိမည်ဆိုသဖြင့် အိမ်ဖော်လုပ်ရန် သဘောတူခဲ့ကြောင်း၊ မိုးမိုးခင်က တစ်နှစ်စာလုပ်ခလစာကြိုတင်ငွေဟုပြောကာ ငွေကျပ်လေးသိန်းထုတ်ပေးကြောင်း၊ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် ဖော်ဦးတို့လင်မယားက အလုပ်ရှိရာသို့ ပို့ဆောင်ပေးမည်ဟုပြောကာ ခေါ်၍ လိုက်ပါခဲ့ကြောင်း၊ မကွေးကားဂိတ်အရောက်တွင် အသက် ၄၀ ခန့်ရှိ မစံပယ်ဆိုသူအမျိုးသမီးနှင့် ထပ်မံတွေ့ရှိကြောင်း၊ ၎င်းတို့လေးဦး ပြင်ဦးလွင်သို့ထွက်လာရာ နောက်နေ့နံနက် ၄ နာရီတွင် ရောက်ရှိပြီး တည်းခိုခန်းတစ်ခုတွင် တည်းခိုနေစဉ်မစံပယ်က ဖုန်းဖြင့်ဆက်သွယ်ကြောင်း၊ ဖုန်းပြောသံအရ ၎င်းတို့ရောက်နေ၍ လာခေါ်ရန်ပြောပြီး တစ်နာရီခန့်အကြာတွင် အဖြူရောင်ကားတစ်စီးရောက်ရှိလာပြီး ယာဉ်မောင်းဖြစ်သူနှင့် မစံပယ်တို့ တရုတ်ဘာသာစကားဖြင့် ပြောဆိုကြကြောင်း၊ ထို့နောက်အဆိုပါကားဖြင့် ၎င်းတို့လေးဦး ဆက်လက်ထွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက် နံနက် ၃ နာရီတွင် မူဆယ်သို့ရောက်ရှိခဲ့ကြောင်း ဆက်လက်၍ သံတိုင်များ ကာရံထားသော ခိုးပေါက်ဟုပြောသည့်နေရာမှ ၎င်းတို့ လေးဦးဝင်ရောက်ခဲ့ကြောင်း၊ မစံပယ်က အမိုးအကာမပါသည့် သုံးဘီးတစ်စီး၄ှားကာ တံတားတစ်ခုကိုဖြတ်သန်း၍ နာရီဝက်ခန့်စီးရပြီးနောက် တည်းခိုခန်းတစ်ခုသို့ ရောက်ရှိခဲ့ကြောင်း၊ တည်းခိုခန်းတွင် အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်နှစ်ဦးတို့ကို တွေ့ရကြောင်း၊ အမျိုးသမီးကြီးတစ်ဦးမှာ မိုးမိုးခင်၏ ညီမဟုသိရကြောင်း နောက်တစ်နေ့ ဖော်ဦးတို့လင်မယားနှင့် အမျိုးသမီးကြီးတို့ မရှိခိုက် အမျိုးသမီးငယ်နှစ်ဦး၏ ပြောပြချက်အရ တစ်ဖက်နိုင်ငံတွင် ယောကျ်ားယူရမည်။ ကလေးစ်ယောက်မွေးပေးရမည်၊ ငွေတစ်ပုံ ခွဲရမည်ဟုပြော၍ သိရှိရကြောင်း၊ စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခန့်က ဖော်ဦးတို့လင်မယား ပြန်သွားကြောင်း၊ နေ့လည်ထမင်းစားပြီး အားလုံးအိပ်ပျော်နေချိန်၌ တည်းခိုခန်းမှ ထွက်ပြေးခဲ့ပြီး မြန်မာလူမျိုးတစ်ဦး၏ အကူအညီဖြင့် ခိုးပေါက်မှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ ပြန်လာခဲ့ကြောင်း၊ ထို့နောက် မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံ သွားရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁၇)တပ်ဖွဲ့စု မူဆယ်၏ တွေ့ဆုံမေးမြန်းချက်များအရ ပြင်ဦးလွင်မြို့တွင် အိမ်ဖော်အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုခေါ်ဆောင်သွားပြီး ရွှေလီမြို့သို့ ပို့ဆောင်ရောင်းစား၍ ခေါင်းပုံဖြတ်ရန် ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဖော်ဦးပါလေးဦးတို့အား ဥပဒေအရအရေးယူပေးရန် တပ်ဖွဲ့စု (မူဆယ်)မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် မူဆယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

အမှုမှ ပြစ်မှုကျူးလွန်သူလေးဦးအနက် ဖော်ဦးနှင့်ဇနီးတို့အား ဖမ်းဆီးရမိပြီး ကျန်နှစ်ဦးမှာ တစ်ဖက်နိုင်ငံတွင် နေထိုင်သဖြင့် ဖမ်းဆီးရမိရေးအတွက် တပ်ဖွဲ့စု (မူဆယ်)ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မင်္ဂလာဒုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

စက်တင်ဘာ ၁၆ ရက်က အမှတ်(၄၁)မူးယစ်တပ်ဖွဲ့စု ရန်ကုန်အရှေ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်း ဒရင်းရိုးချောင်းနှင့် တောင်ကြီးလမ်းထောင့်၌ ယာဉ်အမှတ် EE/..... NISSAN AD VAN ပေါ်တွင် တွေ့ရှိသူ ဉာဏ်ဝင်းဆိုသူနှင့် နေမျိုးဝင်း(ခ) ကိုမျိုးတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၄၄၀ သိမ်းဆည်းရမိသဖြင့် ဉာဏ်ဝင်း (၃၂နှစ်)နှင့် နေမျိုးဝင်း(ခ)ကိုမျိုး (၂၈ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**(သတင်းစဉ်)**

## တေဇ(၁၃) ညီအစ်ကိုများ

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)၏ (၂၈)နှစ်မြောက်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) ၂၇-၉-၂၀၁၄ရက် (စနေနေ့)၊ ညနေ ၆း၀၀ နာရီ
Sky Star Hotel၊ တော်ဝင်ခန်းမ
အမှတ် ၅၁/ခ/၁၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်

(ခ) ၂၈-၉-၂၀၁၄ ရက်(တနင်္ဂနွေနေ့)၊ နံနက် ၈း၃၀ နာရီ
နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်
**(ဖိတ်စာသီးခြားမပို့ပါ။)**

**အခမ်းအနားဖြစ်မြောက်ရေးကော်မတီ**
**ဖုန်း-၀၉-၈၃၀၀၅၀၄၊ ၀၉-၄၉၃၄၃၂၇၁၊**
**၀၉-၅၀၀၀၈၃၁၊ ၀၉-၅၁၂၃၆၃၃**

## ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၇၉ခုနှစ် ဘွဲ့ရမိသားစု၏ နဝမအကြိမ် စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၇၉ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ၁၂-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အာဇာနည်လမ်း၊ မူလကမ္ဘာအေးကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ အတူတကွ ကထိန်သင်္ကန်းကပ်လှူပြီး တရားတော်အတူနာယူကြရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကထိန်ပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုများကို ဦးကြည်လွင် ဖုန်း-၀၉-၅၀၇၃၆၇၁၊ ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၉၃၄၃၊ ဦးမြင့်လွင်(မဒေါက်) ဖုန်း-၀၉-၇၃၁၉၉၁၀၉၊ ဦးချစ်လှ (နေပြည်တော်) ဖုန်း-၀၉-၂၀၀၀၂၂၈၊ ဦးခင်မောင်ကျော်(မန္တလေး) ဖုန်း-၀၉-၅၁၆၁၇၇၂၊ ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၀၉-၅၁၁၆၃၅၅၊ ဒေါ်ခင်မြင့်ကြည် ဖုန်း-၀၁-၅၀၂၅၉၅၊ ဒေါ်သန်းသန်းဝင်း ဖုန်း-၀၉-၅၀၀၆၉၂၈၊ ဒေါ်အိခိုင် ဖုန်း-၀၉- ၇၃၁၅၇၂၀၄၊ ဒေါ်ခင်ချိုဦး(ကျိုက်လတ်) ဖုန်း-၀၉-၃၁၀၄၈၄၂၃၊ ဒေါ်လင်းလင်း ဖုန်း-၀၁-၂၁၂၀၂၇၊ ဒေါ်သန်းသန်းလွင် ဖုန်း-၀၉-၅၀၆၃၀၁၇၊ ဒေါ်မြင့်မြင့်ကြည်(ဖေကြီး) ဖုန်း-၀၉-၇၃၀၃၀၄၄၇၊ ဒေါ်ခင်ခင်ချို ဖုန်း-၀၉-၈၆၀၀၇၁၈၊ ဒေါ်ဇင်မင်းဦး(မော်လီ)၊ နေပြည်တော် ဖုန်း-၀၉-၃၀၂၅၉၀၁၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကထိန်ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၄၇၊ လေးလွှာ(ဘီ)၊ ခြေရင်းခန်း၊ (၁၂½ပေ×၆၅ပေ)ရှိ တိုက်ခန်းကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် ဦးလှမြင့် ၁၂/အလန(နိုင်)၀၂၆၉၀၉ထံ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အထက်ပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမြိုင်သန်းဦး** LL.B | **ဒေါ်လဲ့လဲ့ဝင်းသိန်း** LL.B | **ဒေါ်မိုးမိုးမြင့်** LL.B |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၇၇၂)** | **(စဉ်-၃၇၁၁၀)** | **(စဉ်-၄၄၁၇၀)** |

**ရုံး- တိုက်အမှတ် (၉/၁၁)၊ အခန်း ၃၀၆၊ (လေးလွှာ)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်- အမှတ် (၆၉/ခ)၊ အထက်ပုဇွန်တောင်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၉၉၄၃၇၊ ၀၉-၂၅၀၆၃၉၈၆၁၊ ၀၉-၇၃၁၅၅၁၈၅၊ ၀၉-၄၂၀၁၁၅၈၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄စီ-၁)၊ မြေကွက်အမှတ်(၃A ၄/၇၅A)၊ မြေကွက်တည်နေရာအမှတ်(၈/၉)၊ သစ္စာလမ်း၊ တာမွေလေးရပ်ကွက်၊ မက်ဆက်သမ္မာစိတ္တထရိတ်ဒင်းလီမိတက် အမည်ပေါက် မြေပိုင်အမည်ပေါက် မက်ဆက်သမ္မာစိတ္တထရိတ်ဒင်း (ကိုယ်စား ဦးစိုးမြင့်)ထံမှ အရောင်းအဝယ်စာချုပ် ၁၂၆၃/၅၉(၁-၁၂-၅၉)အရ ဒေါ်ကျင်ဇော့မှ ပိုင်ဆိုင်ခဲ့သဖြင့် တာမွေမြို့နယ်တရားရုံးတရားမကြီးမှုအမှတ် ၃၁/၂၀၁၃၊ [တရားလို ဒေါ်ကင်း(မ်)ခင်(ခ)ဒေါ်ခင်ခင်က တရားပြိုင်ဦးစိုးမြင့်၊ ဒေါ်ကျင်ဇော့အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု]နှင့် တရားမဇာရီမှုအမှတ် ၃၃/၂၀၁၃အမိန့်တို့အရ တရားရုံးဦးစိုးမြင့်၊ ဒေါ်ကျင်ဇော့ကိုယ်စား ဘိလစ်အရာရှိ ဒေါ်စန်းစန်းဝင်းက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၈၃၃)၊ မြေကွက်တည်နေရာအမှတ် ၈၃၃၊ ဗိုလ်မိုး ၂လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးကြည် ၁၂/သဃက(နိုင်)၀၆၃၈၄၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည်(ဖခင်)နှင့်မိခင် ဒေါ်ငြိမ်းတို့ကွယ်လွန်သဖြင့် (၁) ဒေါ်စန်းရီ ၁၂/ရကန(နိုင်)၀၁၂၃၆၆၊ (၂) ဒေါ်သန်းသန်းငွေ ၁၄/မအန(နိုင်)၀၉၁၆၁၁၊ (၃) ဦးသိန်းလွင် ၁၂/သဃက(နိုင်)၀၆၄၃၄၁၊ (၄) ဒေါ်သန်းသန်းအေး ၁၂/သဃက(နိုင်)၀၆၃၁၄တို့က ကွယ်လွန်သူ၏ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်စန်းရီ+၃ဦးထံမှ GP ၁၆၃၃၁(၁၇-၆-၁၄)ရသူ ဦးသက်ဦး ၁၂/ရကန(နိုင်)၀၁၂၇၀က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/E၊ မြေကွက်အမှတ် ၁၀၂စီ/၂၄၊ ဧရိယာ ၀ ဒသမ ၀၂၉၈ဧက၊ မြေကွက်တည်နေရာအမှတ် ၂၄၊ သံလွင်အောင်မင်းခေါင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ (မစိုက်ပျိုးမြေ)အမည်ပေါက် ဒေါ်ဖွားသင်၊ ၎င်း၏ခင်ပွန်း ဦးတာမန်၊ သား ဦးဟန်ကြူ(ခ)ဦးလာဘတို့ ကွယ်လွန်သဖြင့် ဒေါ်ဝမ်း ၁၂/ကမရ(နိုင်)၀၀၆၉၇၁က တစ်ဦးတည်းသောမြေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများနှင့် အရောင်းအဝယ် စာချုပ်အမှတ် ၁၅၈၁/၃၁-၈-၅၅ မိတ္တူမှန်တို့ကို တင်ပြ၍ ဒေါ်ဝမ်းထံမှ (GP)အမှတ် ၁၄၀၃၇/၁၂-၈-၂၀၁၃ဖြင့်ရရှိသူ ဒေါ်လှရီ ၁၂/ကမရ(နိုင်)၀၄၈၉၈၂က ပိုင်ဆိုင်ကြောင်းစာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး ပညာပေးဟောပြော

**လောင်းလုံး စက်တင်ဘာ ၂၃**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ရွှေရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့ (ယ)ရပ်ကွက် အထကကျောင်းရတနာခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် လောင်းလုံးမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးမြင့်အောင်တို့က သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း ပညာပေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ လောင်းလုံးမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးမြင့်အောင်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဂင်ယုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျောက်ဆည်တက္ကသိုလ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း ခင်းကျင်းပြသ

**စဠ်ကိုင် စက်တင်ဘာ ၂၃**

ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာနနှင့် ကျောက်ဆည်တက္ကသိုလ်တို့ ပူးပေါင်းပြီး ကျောက်ဆည်တက္ကသိုလ်ဝင်းအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပြခန်းကို စက်တင်ဘာ ၂၂ ရက်က ခင်းကျင်းပြသခဲ့သည်။



ပြခန်းတွင် သစ်တောထွက်ပစ္စည်းများနှင့် သစ်အမျိုးမျိုး၊ သစ်ဖြင့်ပြုလုပ်သော လူ့အသုံးအဆောင်ပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နံရံကပ်ပိုစတာများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားပြီး ပြခန်းကို ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင် ဦးဆောင်သော ဌာနမှူးများနှင့် ကျောက်ဆည်တက္ကသိုလ်ရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုခဲ့ကြသည်။

ပြခန်းခင်းကျင်းပြသခြင်းနှင့်အတူ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုလည်း ကျင်းပခဲ့ပြီး ခရေပင် ၁၀၀၊ ရေတမာပင် ၂၀၀၊ စိန်ပန်းပင် ၁၀၀၊ သရဖီပင် ၁၀၀၊ တမာပင် ၁၀၀ စုစုပေါင်းပျိုးပင်ပေါင်း ၆၀၀ ကျော်တို့ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## သတင်းတို

### ပုဏ္ဏားကျွန်း၌ သတင်းစာနေ့ချင်းရရှိ

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်သည် စစ်တွေမြို့နှင့် အနီးဆုံးမြို့ဖြစ်သော်လည်း သွားလာရေးခက်ခဲမှုကြောင့် သတင်းစာများကို နှစ်ရက်နောက်ကျပြီးရရှိရာမှ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် စက်တင်ဘာလအတွင်းမှစ၍ မြန်မာ့အလင်း၊ ကြေးမုံနှင့် New Light of Myanmar သတင်းစာများကို နေ့ချင်းဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **လှဘော်သူ**



**စက်တင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆုတောင်းပြည့်ဘုရားတွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်နှင့် အရာရှိ၊ တပ်သားများ၊ မိသားစုများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

(မြန်မာ့အလင်း)

## ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး သရုပ်ပြရှင်းလင်း

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး သရုပ်ပြရှင်းလင်းပွဲကို စက်တင်ဘာ ၂၁ ရက်က ခင်တဲအုပ်စု ကျောင်းကုန်းကျေးရွာ ကွင်းအမှတ်(၂၇၄၉) ဦးပိုင်(၁၁၃/၉၆) တောင်သူဦးအောင်မောင်းကြီး၏ ငါးဧကစံပြစိုက်ခင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက တစ်ဧက ဝါပိဿာ ၁၀၀၀ နှုန်း ထွက်ရှိရေး သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၀)ချက်တို့ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ပိုးသတ်ဆေးများအသုံးပြုရာတွင် လူနှင့် လူ့ပတ်ဝန်းကျင်အန္တရာယ်ပေးနိုင်သော ဆေးအပြင်းများကို အသုံးမပြုကြရန်၊ ပိုးသတ်ဆေးများကို ရာသီဥတုနှင့် အချိန်အခါပေါ်မူတည်၍ ပက်ဖျန်းကြရန်နှင့် ပိုးမွှားကင်းထောက်မှတ်တမ်း ယူနည်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကာ ညွှန်ကြားရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ဝါစိုက်ခင်းအတွင်း ဌာနဆိုင်ရာ ဝန်ထမ်း ၇၁ ဦး၊ ဝါစိုက်တောင်သူ ၁၅၀ စုစုပေါင်း ၂၂၁ ဦးတို့အား လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့ပြီး တောင်သူများသိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

ငွေချည်(၆) ချည်မျှင်ရှည်ဝါသည် သက်တမ်းရှည်ခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ဂွမ်းမွေးအရည်အသွေးကောင်းမွန်ခြင်း၊ တစ်ဧက ဝါအထွက်နှုန်းတိုးတက်မြင့်မားခြင်းတို့ကြောင့် တောင်သူများအနေဖြင့် တစ်ဧက ဝါရောင်းရငွေကျပ် ၁၀ သိန်းမှ ၁၂ သိန်းအထိရရှိနိုင်ပြီး တစ်ဧက ကုန်ကျစရိတ် ငွေကျပ် လေးသိန်းဖြစ်သဖြင့် တစ်ဧကလျှင် ခြောက်သိန်းမှ ရှစ်သိန်းအထိ အမြတ်အစွန်းရရှိသည့် သီးနှံဖြစ်၍ ယခင်နှစ်ကထက် ယခုဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူဦးရေ တိုးတက်လာကြောင်း၊ ယခုနှစ်စိုက်ပျိုးသည့် ဝါစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်သဖြင့် တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်၊အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်၍ ဆင်းရဲမှုလျှော့ချရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၀၂၁)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲလျှောက်လွှာ တင်ရာတွင် အခက်အခဲမရှိစေရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အထက(၅)ဖြုတ်ခွဲမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်း၍ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့(မွန်ပြည်နယ်)**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့မှ ၁၃၇၇ ခုနှစ် ကဆုန်လပြည့်နေ့အထိ)၈-၁၀-၂၀၁၄ မှ ၂-၅-၂၀၁၅ ရက်အထိ ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျိုက်ထီးရိုးစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၂၃၀၊ မြေကွက်တည်နေရာအမှတ် ၂၇၅၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် [ဦးမြသောင်း ၁၂/ဒပန(နိုင်)၀၁၅၁၂၉၊ ဦးဝင်းတင် ၁၂/ဒပန(နိုင်)၀၁၄၈၆၁] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြသောင်း(ဖခင်)နှင့် ဒေါ်သန်းရီ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး မဇင်မာဝင်း ၁၂/ဒပန(နိုင်)၀၀၉၈၅၄နှင့် ကျန်အမည်ပေါက် ဦးဝင်းတင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အေးညို ၁၂/ဒပန(နိုင်)၀၁၄၈၆၂တို့ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖိတ်ကြားပါသည်**

မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ အသက်(၈၀)အထက် ဝန်ထမ်းဟောင်းများအား သက်ကြီးပူဇော်ပွဲနှင့် အသင်းဆိုင်းဘုတ်တင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများနှင့် ဝန်ထမ်းဟောင်းများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၈-၉-၂၀၁၄ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉:၀၀ နာရီ
**နေရာ** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဓမ္မာရုံ
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်မင်းသက်မွန် ၁၀/မဒန(နိုင်)၁၂၃၇၀၉ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၃၈၈**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၃၀ယ/၉၃၅၆၀ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၇/ကဝန(နိုင်)၀၃၈၀၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူး(ပဲခူး)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၃၀ယ/၁၀၇၉၉ Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်အောင် ၉/ကဆန(နိုင်)၁၁၄၄၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၈၀၀၅၆ Jianling 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီမိုးမိုးသိန်း ၉/ခမစ(နိုင်)၀၃၈၄၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၂၅၅၆၂ TOHON 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုထွေး ၉/ပသက(နိုင်)၀၇၆၈၅၈ က ( ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၅၁၉၁၂ Yinxiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းယု ၉/မရမ(နိုင်)၀၆၆၆၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုလုပ်သားသင်တန်းဖွင့်

**ခင်ဦး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြေခံတိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြုလုပ်သားသင်တန်း အမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က ခင်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးစောဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလှလှပြုံးက တိရစ္ဆာန်မှလူကိုကူးစက်တတ်သောရောဂါများ အချိန်မီကြိုတင်ကာကွယ်ထိန်းချုပ်ရန်၊ ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

"အခုလိုသင်တန်းဖွင့်လှစ်ပေးတဲ့အတွက် ခိုင်းကျွဲ၊ နွားတွေမှာ ဖြစ်ပွားတတ်တဲ့ ရောဂါတွေကို အချိန်မီကြိုတင်ကာကွယ်တားဆီးနိုင်ပြီး သိပ္ပံနည်းကျခေတ်မီတစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းတွေလည်း လုပ်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**





## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး မြတ်စွယ်တော်အပူဇော်ခံလှည့်လည်ပွဲ စည်ကားစွာကျင်းပ

**ညောင်ဦး စက်တင်ဘာ ၂၃**

ညောင်ဦးမြို့ သမိုင်းဝင်ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ မြတ်စွယ်တော်အပူဇော်ခံလှည့်လည်ပွဲနှင့် သင်ပုတ်ပလ္လင်ပွဲတော်ကို စည်ကားစွာကျင်းပသွားမည်ဟု သိရသည်။

စေတီတော်ကြီး၏ မြတ်စွယ်တော်ကို မြို့ပေါ် ရပ်ကွက်များရှိဒေသခံပြည်သူများ ကြည်ညိုကိုးကွယ်နိုင်ရန်အတွက် စက်တင်ဘာ ၁၉ ရက်က ပုဂံ၊ ညောင်ဦးမြို့တွင်း အပူဇော်ခံလှည့်လည်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ သင်ပုတ်ပလ္လင်ပွဲတော်ကိုလည်း စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ယခင်နှစ်များကထက် ထူးခြားစွာကျင်းပသွားရန် စီစဉ်ထားရှိကြောင်းနှင့် မိဘပြည်သူများ စိတ်အပန်းပြေစေရန် ပျော်ပွဲရွှင်ပွဲအဖြစ် သီတင်းကျွတ်လဆန်း ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်ညများတွင် ဗလာဇာတ်ပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

သမိုင်းဝင်ရွှေစည်းခုံစေတီမြတ်ကြီး၏ မြတ်စွယ်တော်အပူဇော်ခံလှည့်လည်ပွဲနှင့် သင်ပုတ်ပလ္လင်ပွဲတော်ကို ယခင်နှစ်များကထက် ထူးခြားစည်ကားစွာ ကျင်းပမည်ဖြစ်၍ ညောင်ဦးမြို့နယ်တစ်ဝန်းမှ ဒေသခံပြည်သူများအနေဖြင့် ကုသိုလ်ယူပါဝင်ဆင်နွှဲနိုင်ရန် စောင့်မျှော်လျက်ရှိကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ကနီမြို့နယ်အတွင်း ကျေးရွာများသို့ စိုက်ပျိုးရေရရှိရေးအတွက် ရေစုပ်စက်များပေးအပ်

**ကနီ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ကျေးရွာများသို့ရေစုပ်စက်များ ပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေစုပ်စက်ပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းစိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်က ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် စီးပွားရှာနေရသဖြင့် စိုက်ပျိုးရေအချိန်မီရရှိရေး၊ မြေအောက်ရေနှင့် စက်ရေတွင်းများ တူးနိုင်ရန်အတွက် သမဝါယမအသင်းက ဇေယျာပဒေသာဖောင်ဒေးရှင်းနှင့်ဆက်သွယ်၍ စက်ရေတွင်းများတူးရန် ချေးငွေများ ဆောင်ရွက်ပေးခြင်းနှင့် ရေလိုအပ်သောကျေးရွာများသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ရေစုပ်စက်များပေးအပ်ခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"ယခုလို ကျွန်တော်တို့ကျေးရွာကို ရေစုပ်စက်ထုတ်ပေးတဲ့အတွက်ကြောင့် ရွာကစက်မဝယ်နိုင်တဲ့တောင်သူတွေပါ အသုံးပြုနိုင်ပြီး နှမ်း၊ မိုး၊ ဆောင်း ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ရေစုပ်စက် လာရောက်ထုတ်ယူသူ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

**သန်းဌွေးအောင်(ကနီ)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၂၃/၂၀၁၄**

ဦးဝင်းမော် နှင့် ဦးမောင်စိုး
**တရားလို** **တရားပြိုင်**

အထက်အမည်ပါ တရားပြိုင် ဦးမောင်စိုး (ဘ)ဦးအောင်သန်း နတ်တလင်းမြို့နယ်၊ လဲတောအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ ယခုလိပ်စာမသိ သိစေရမည်။ တရားလို ဦးဝင်းမော်မှ သင့်အပေါ်၌ တရားပြိုင်မှ တရားလိုထံသို့ ပေးဆပ်ရန်တာဝန်ရှိငွေ ၃၆၁၄၅၀၀ိ/ (ကျပ်သုံးဆယ့်ခြောက်သိန်းတစ်သောင်းလေးထောင့်ငါးရာ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မာမာစိုးရင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဘားအံမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဦးကျော်လှိုင် နှင့် ၁။ ဦးဘုန်းကြီး
၂။ ဒေါ်စံရီ
**တရားလို** **တရားပြိုင်များ**

ဘားအံမြို့၊ ဇာသပြင်အနောက်၊ ကော့ကျိုက်ကျေးရွာနေ (၁)ဘုန်းကြီး၊ (၂)ဒေါ်စံရီ (တရားပြိုင်များ) (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်လှိုင်က ချေးယူငွေကျပ် ၅၉၈၀၀၀၀ိနှင့် နှစ်နာကြေးငွေ ၅ သိန်း စုစုပေါင်း ငွေကျပ် ၆၄၈၀၀၀၀ိ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးက ရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**မြို့နယ်တရားသူကြီး**
**ဘားအံမြို့နယ်တရားရုံး**

### ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၄**

**ကွယ်လွန်သူ ဦးသက်ဆန်း(ခ)ဦးသစ်ဆန်း(ခ)ဦးပြည့်စုံ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ ရွာတန်းရှည်တွင် နေထိုင်ခဲ့သောကွယ်လွန်သူ ဦးသက်ဆန်း(ခ)ဦးသစ်ဆန်း(ခ)ဦးပြည့်စုံ၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ကွယ်လွန်သူ၏ တရားဝင်တစ်ဦးတည်းဇနီးဖြစ်သော ဒေါ်ယဉ်ယဉ်မိုးနွယ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ရက် (၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်)တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသက်ဆန်း(ခ) ဦးသစ်ဆန်း(ခ) ဦးပြည့်စုံ၏ ကျန်ရှိပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ရက် (၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ယဉ်ယဉ်မိုးနွယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းသန်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၂၆၀ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းသူ ၇/သနပ(နိုင်)၀၈၉၇၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၁၃၈၃၁ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုနိုင် ၇/ပမန(နိုင်)၁၂၀၂၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဆွေ
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)**
**အသက်(၆၀)**

မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေသည် ၂၁-၉-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် သရက်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့်ဇနီး သီဟသုဓမ္မသီဂီဒေါ်ခင်ဝင်း**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဆွေ (သရက်)
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**အသက်(၆၀)**

မကွေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)၊ သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သည် ၂၁-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သရက်ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- * အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် ခက်ခဲသော ရောဂါဖြစ်ပါသည်။
